ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်၊ အင်္ဂါနေ့၊ (20-9-2005) (၄၇၂၄)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စု စိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အစိုးရ၏ ပံ့ပိုးဖြည့်ဆည်းပေးမှုနှင့် ဒေသခံတိုင်းရင်းသားများ လက်တွဲညီညီကြိုးပမ်းမှုကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် ဟိုမိန်းမြို့မှာ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လျက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် စက်တင်ဘာ ၁၅ရက် မွန်းလွဲ ၁၂နာရီ ၁၅မိနစ်တွင် ကျိုင်းတုံမြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ထွက်ခွာခဲ့ပြီး ကျိုင်းတုံဒေသ၊ လွယ်ခါးဒေသ၊ မိုင်းပုကြီးဒေသ၊ ကျိုင်းတောင်းဒေသတို့၏ မိုးစပါးစိုက်ပျိုးပြီးစီးမှု၊ လမ်းပန်းဆက်သွယ်ရေးနှင့် နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လှည့်လည်စစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့သည် မွန်းလွဲ ၁နာရီ မိနစ် ၂၀တွင် နမ့်စန်မြို့သို့ ရောက်ရှိကြပြီး ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲဒေသ၊ လင်းခေးဒေသ၊ မောက်မယ်ဒေသတို့၏ စိုက်ပျိုးရေးလုပ်ငန်းများနှင့် လမ်းပန်းဆက်သွယ်ရေးအခြေအနေတို့ကို ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေး၍ ထွက်ခွာခဲ့ကြရာ မွန်းလွဲ ၂နာရီတွင် လင်းခေးမြို့နယ် ဟိုမိန်းမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ဟိုမိန်းမြို့၌ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများကို ဟိုမိန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှူး ဦးတင်မောင်စိုးထံ ပေးအပ်စဉ်။
(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များအား ဟိုမိန်းတပ်နယ်မှ ဗိုလ်မှူးကြီး အောင်ကျော်စိုးနှင့် တပ်မတော်အရာရှိများ၊ ဟိုမိန်းမြို့မှ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❍

မြန်မာ့လူ့ဘောင်ကို စဉ်ဆက်မပြတ်သင်ယူနေသော လူ့ဘောင်ဖြစ်အောင် ဆောင်ရွက်ပေးလျက်ရှိ ပညာရေးစနစ်ကို ခေတ်မီ Electronic Education ဖြင့် မြှင့်တင်ရာတွင် ပြည်သူတစ်ရပ်လုံးပါဝင်

ရန်ကုန် စက်တင်ဘာ ၁၉

မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမမြို့ အခြေခံပညာ အထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၆ရက် ညနေ ၄နာရီခွဲတွင် အဆိုပါကျောင်း၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တက်ရောက်အားပေးပြီး အမှာစကားပြောကြားသည်။

အခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ သထုံတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်စိုး၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ **စာမျက်နှာ ၅ ကော်လံ ၃ သို့** ❖

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များ မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများအတွင်း ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

နိုင်ငံတော် ပြွစည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

၂၀-၉-၂၀၀၅
(အင်္ဂါနေ့)

အစွမ်းထက်မြက်သည့် တိုင်းရင်းဆေးဝါးများ ထုတ်လုပ် မြန်မာ့တိုင်းရင်းဆေးလောက အဆင့်မြင့်မားအောင်စွမ်းဆောင်

ယနေ့ကာလသည် နိုင်ငံတော်အစိုးရ၏ မှန်ကန်သော ဦးဆောင်မှုနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်သော စွမ်းအားဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်နေသော အချိန်အခါဖြစ်သည်။ ယင်းသို့သော အချိန်အခါတွင် ပြည်သူများအားလုံး ကျန်းမာကြံ့ခိုင်မှုနှင့် ပြည့်စုံနေမှသာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်မှုလုပ်ငန်းများတွင် အင်ပြည့်အားပြည့် ပါဝင်ထမ်းဆောင်နိုင်ကြမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက နယ်စပ်ဒေသနှင့်ကျေးလက်ဒေသများ အပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့တည်ဆောက်မြှင့်တင်ပေးခြင်း၊ အထူးကုဆေးရုံကြီးများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း စသည်တို့ဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လွှမ်းခြုံပေးလျက်ရှိသည်။

ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြင့်မားလာရေး အကောင်အထည်ဖော်လျက်ရှိရာတွင် မြန်မာ့ တိုင်းရင်းဆေးနှင့်တိုင်းရင်းဆေးပညာရှင်များသည်လည်း အဓိကအခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် မြန်မာ့တိုင်းရင်းဆေးအဆင့်အတန်း မြင့်မားလာစေရန် တိုင်းရင်းဆေးတက္ကသိုလ်ကို တည်ထောင်ပေးထားပြီး လိုအပ်ချက်များကို အဘက်ဘက်က ဖြည့်ဆည်းပေးလျက်ရှိသကဲ့သို့ တိုင်းရင်းဆေးရုံများကိုလည်း မြို့ကြီးများနှင့် မြို့နယ်အချို့တွင် ဖွင့်လှစ်၍ ပြည်သူများကျန်းမာရေးအတွက် ဆေးဝါးကုသပေးလျက်ရှိသည်။ အလားတူ တိုင်းရင်းဆေးသမားတော်ကြီးများ အရည်အသွေး မြင့်မားလာစေရန်အတွက်လည်း တိုင်းရင်းဆေးသမားတော်များ ညီလာခံကို နှစ်စဉ်ကျင်းပ၍ ဆေးပညာရပ်ဆိုင်ရာများ နှီးနှောဖလှယ်လျက်ရှိသည်။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် အဖွဲ့ဝင်များလိုက်ပါလျက် မန္တလေးတိုင်း ခရီးစဉ်အတွင်း စက်တင်ဘာလ ၁၆ ရက်နေ့က မန္တလေးမြို့ တိုင်းရင်းဆေးတက္ကသိုလ်ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တိုင်းရင်းဆေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံရာတွင် **ယခုကဲ့သို့ နိုင်ငံတော်အပိုင်းက တိုင်းရင်းဆေးလောက အဆင့်မြင့်မားတိုးတက်လာအောင် အားပေးမြှင့်တင်ပေးနေသည့် အချိန်ကာလတွင် တိုင်းရင်းဆေး ပညာရှင်များကလည်း မိမိတို့ မြန်မာ့တိုင်းရင်းဆေးပညာရပ်များကို စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် လေ့လာဆည်းပူးပြီး ကမ္ဘာ့တိုင်းရင်းဆေး လောကတွင် မြန်မာ့တိုင်းရင်းဆေးဝါးများ ရှေ့တန်းက ရပ်တည်ဦးဆောင်သွားနိုင်သည့် အဆင့်မျိုးရောက်ရှိလာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်** ဆွေးနွေးမှာကြားသွားသည်။

မြန်မာ့တိုင်းရင်းဆေးဝါးများကို ဘိုးဘွားများလက်ထက် ရှေးနှစ်ပေါင်းများစွာကပင် မှီခိုအားထားသုံးစွဲလာခဲ့ကြရာ ယနေ့ကာလတိုင်ဖြစ်သည်။ အထူးသဖြင့် မြန်မာ့ကျေးလက်ဒေသများတွင် မြန်မာ့တိုင်းရင်းဆေးဝါးများကို အစဉ်တစိုက် ယုံကြည်အားထား သုံးစွဲလာခဲ့ကြသည့်နည်းတူ အရည်အသွေးပြည့်ဝသည့် မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများနှင့် အစွမ်းထက်မြက်သည့် တိုင်းရင်းဆေးဝါးများလည်း စဉ်ဆက်မပြတ် ပေါ်ထွက်လျက်ရှိပေသည်။

မြန်မာ့တိုင်းရင်းဆေးပညာ နှုန်းမီစံကိုက် တိုးတက်ပြန့်ပွားရေးနှင့် ပညာရှင်များ စဉ်ဆက်မပြတ် တိုးပွားလာရေးအတွက် မြန်မာ့တိုင်းရင်းဆေးတက္ကသိုလ်ကို မန္တလေးမြို့တွင် တည်ထောင်ဖွင့်လှစ်ထားရာ ၂၀၀၄–၂၀၀၅ ခုနှစ် ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူ ၆၇၂ ဦး တက်ရောက်သင်ကြားလျက်ရှိသည်။ အဆိုပါ တက္ကသိုလ်၌ အပ်စိုက်ကုပညာ ဌာနအပါအဝင် သင်ကြားရေးဆိုင်ရာ အဓိကဌာန ခြောက်ခု၊ အထောက်အကူပြုဌာန ၁၀ ခုတို့ဖြင့် တိုင်းရင်းဆေးဘာသာရပ်နှင့် အခြားနီးနွယ်ဘာသာရပ်များကိုပါ ပြည့်ပြည့်စုံစုံ ပို့ချသင်ကြားပေးလျက်ရှိသည်။

မျက်မှောက်ကာလတွင် သိပ္ပံပညာရပ်များ တိုးတက်ထွန်းကားလျက်ရှိသည်နှင့်အညီ တိုင်းရင်းဆေးပညာရှင်များအနေဖြင့် တိုင်းရင်းပရဆေးပင်များ၏ အကျိုးအာနိသင်ရှိမှုကို စမ်းသပ်သုတေသနပြုပြီး အစွမ်းအာနိသင်ပိုမိုထက်မြက်သည့် တိုင်းရင်းဆေးဝါးများ ကြိုးပမ်းထုတ်လုပ်လျက်ရှိသည်။ ထို့ပြင် တိမ်မြုပ်နေသည့် တိုင်းရင်းဆေးသမားတော်ကြီးများနှင့် ဆေးကျမ်းများကိုလည်း ရှာဖွေဖော်ထုတ်ပြုစုလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်က မြန်မာ့တိုင်းရင်းဆေး အဆင့်အတန်းမြင့်မားစေရန် အဘက်ဘက်မှ အားပေးမြှင့်တင်ပေးမှုများနှင့်အတူ မြန်မာ့တိုင်းရင်းဆေးပညာရှင်များအနေဖြင့်လည်း အစွမ်းထက်မြက်သည့် တိုင်းရင်းဆေးဝါးများကို နိုင်ငံတကာအဆင့် စံချိန်စံညွှန်းမီ ထုတ်လုပ်ရင်း မြန်မာ့တိုင်းရင်းဆေးလောက အဆင့်မြင့်မားတိုးတက်လာအောင် ကြိုးပမ်းစွမ်းဆောင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း မင်္ဂလာဒုံမြို့နယ်တွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် စမ်းကြီးဝရပ်ကွက်၊ တပ်မတော်စံပြရပ်ကွက်နှင့် ပေါက်ကုန်းရပ်ကွက်တို့၌ ရပ်ကွက်အတွင်းရှိ လမ်းများကို မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်ပြီး ရပ်ကွက်နေပြည်သူများနှင့် ပူးပေါင်းကာ ပြုပြင်ခင်းကျင်းမည့်လုပ်ငန်းအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မင်္ဂလာဒုံမြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် နံနက် ၇နာရီတွင် မင်္ဂလာဒုံမြို့နယ် စမ်းကြီးဝရပ်ကွက်ရှိ ဇေယျာသီရိကျောင်းတိုက်၌ မြို့နယ် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စမ်းကြီးဝရပ်ကွက်၊ တပ်မတော် စံပြရပ်ကွက်နှင့် ပေါက်ကုန်းရပ်ကွက်တို့မှ ပြည်သူများ ၁၂ပေရှိ လမ်းကို အမာခံကျောက်ချော လမ်းခင်းရန် ဆောင်ရွက်မည့် အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဗဟိုအလုပ်အမှုဆောင်က ရပ်ကွက်နေပြည်သူများ ပါဝင် ကူညီကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက် ရန်ကုန်မြို့တော်ဝန်သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေး

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် မင်္ဂလာဒုံမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းဝင်း၌ ပညာရေးဝန်ကြီးဌာန၏ ထောက်ပံ့ငွေ ကျပ်သိန်း ၅၀၊ မြို့နယ်ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် ပြည်သူများ၏ ထည့်ဝင်ငွေ ကျပ် ၉၃သိန်း ရှစ်သောင်း စုစုပေါင်းငွေကျပ် ၁၄၃သိန်း ရှစ်သောင်းဖြင့် ဆောက်လုပ်ပြီးစီးသွားသော အလျားပေ ၉၀၊အကျယ် ၃၈ပေ၊ အမြင့် ၁၄ပေရှိ တစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ (၁၉)

အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

ရန်ကုန် စက်တင်ဘာ ၂၀

အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးခင်ဇော်ဝင်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၅ခုနှစ် စက်တင်ဘာ ၈ရက်တွင် ဂျကာတာမြို့၌ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလို ဘန်းဘန်းယူ ဒိုယိုနိုထံ ပေးအပ်ခဲ့ပြီး ဖြစ်သည်။ (သတင်းစဉ်)

အား တွေ့ဆုံပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ပေးမည့် အခြေအနေများနှင့် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်မှုတို့ကို ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် စမ်းကြီးဝ၊ တပ်မတော်စံပြနှင့် ပေါက်ကုန်းရပ်ကွက်နေ ပြည်သူများ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးဆိုင်ရာ ကိစ္စများအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် စမ်းကြီးဝရပ်ကွက်ရှိ မီးရထားလမ်းဟောင်းအား (၂က)ရပ်ကွက်ကိုဖြတ်၍ ခရေပင်လမ်းအထိ ဆက်စပ်ဖောက်လုပ်မည့် အခြေအနေ၊ ရန်ကုန်တိုင်းနှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့က ဦးဆောင်၍ စမ်းကြီးဝရပ်ကွက် ဂျိုးဖြူပိုက် ခုံးကျော်တံတား ကွန်ကရစ်တံတား တည်ဆောက်ရန်လျာထားမှုနှင့် ခုံးကျော်တံတားနှင့် တစ်ဆက် တစ်စပ်တည်း ပြည်လမ်းသို့ ဆက်သွယ်သည့် အရှည်ပေ ၂၈၀၀ကျော်၊ အကျယ် ကော်မတီဝင် ဦးကျော်စိုး၊ အင်ဂျင်နီယာဌာန ရေနှင့်သန့်ရှင်းမှုဌာနမှူး ဦးသောင်းရင်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ စမ်းကြီးဝရပ်ကွက်၊ တပ်မတော် စံပြရပ်ကွက်နှင့် ပေါက်ကုန်းရပ်ကွက်တို့၌ ဖြတ်သန်း ဆက်သွယ်ထားသည့် အချင်း ၅၆လက်မရှိ သံမဏိဂျိုးဖြူရေပို့ပိုက်မကြီး ကြံ့ခိုင်မှုရှိစေရန် ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ရပ်ကွက်နေပြည်သူများအား သန့်ရှင်းသပ်ရပ်မှုရှိစေရန် အမှိုက်များ စနစ်တကျ စွန့်ပစ်ရေးနှင့် ရေပို့ပိုက်မကြီး အစဉ်ကောင်းမွန်စေရန် တစ်ဖက်တစ်လမ်းက ပါဝင် ပူးပေါင်း ထိန်းသိမ်း စောင့်ရှောက်ရေးတို့ကို မှာကြားသည်။ **(အပေါ်ပုံ)**

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်သည် မင်္ဂလာဒုံမြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းမျက်နှာစာ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၏ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး အားပေးသည်။

သီရိမင်္ဂလာ မဟာစည်တရားစခန်းပွဲ

ရန်ကုန် စက်တင်ဘာ ၁၉

မဟာစည်နယ်လှည့်ဓမ္မကထိက တွံတေး အရှင်ဣန္ဒက အရှင်သူမြတ်သည် အောက်တိုဘာ ၁၁ရက်မှ ၁၇ရက်အထိ ဝိပဿနာခုနစ်ရက်တရားစခန်းပွဲကို ကျင်းပ ဟောကြားပြသမည်ဖြစ်သည်။ ယောဂီဦးရေ ၅၀သာ လက်ခံမည်ဖြစ်၍ တရားစခန်း ဝင်ရောက်လိုသူများနှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဆေးစသည့်လှူဒါန်းလိုသူများသည် ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ မြဝတီမင်းကြီးလမ်း သီရိမင်္ဂလာ မဟာစည်ရိပ်သာဖုန်း–၅၈၀၄၅၄သို့ ဆက်သွယ်စာရင်းပေးသွင်းကြရန် ဝေယျာဝစ္စအဖွဲ့က နှိုးဆော်ထားသည်။ (က–ပ)

အဖျက်သမား ဝိုင်းဖယ်ရှား

* တိုင်းပြည်ကောင်းဖို့အလုပ်
ဘယ်သူလုပ်လုပ် ကြိုဆိုသည် …။
* တိုင်းပြည်ဖျက်မယ့်အကြံ
ဘယ်သူကြံကြံ လက်မခံ …။
* ပြည်သူ့အကျိုးပြု
တစ်ခုမဟုတ်၊ တစ်ခုလုပ်ပြ
လက်တွေ့ကျဖို့လိုအပ်သည် …။
* တစ်ယောက်က စ၊ တစ်ရာမှသည်
တစ်တိုင်းပြည်လုံး၊ တူညီဆန္ဒ
ပြင်းပြပြဖြင့်၊ နေ့ညမနား
စေတနာထားလုပ်၊ အားထုတ်ကြိုးပမ်း
စိတ်ဝမ်းညီညွတ်၊ ပြိုင်တူဆွတ်က
မချွတ်မိဋ္ဌာန်အောင်ပွဲခံလိမ့် …။
* ရှေ့ကမသွားဘဲ၊ နောက်ကလည်းမလိုက်
ဘေးတိုက်သမား၊ များထက်များက
ဟန့်တားကာဆီး၊ ခရီးမတွင်
ပန်းမဝင်နိုင်၊ တစ်နိုင်ငံလုံးအတွက်
အကျိုးပျက်မည့် …
အဖျက်သမားဝိုင်းဖယ်ရှားလော့။ ။

ဟသ်ာတမြင့်ငွေ

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ရှင်သန်ခိုင်မာနေမှသာ နိုင်ငံတော်ကြီး အစွန့်ရှည်တည်တံ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ မြန်ဆန်စွာအောင်မြင်မည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရန် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုစွမ်းအားကိုရယူပြီး ဘက်စုံကြိုးပမ်းလျက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၉

ကယားပြည်နယ် လွိုင်ကော်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမြင့်ရွှေနှင့် တပ်မတော်အရာရှိများ လိုက်ပါလျက် စက်တင်ဘာ ၁၆ရက် နံနက် ၉နာရီတွင် လွိုင်ကော်မြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ထွက်ခွာခဲ့ကြပြီး လွိုင်ကော်မြို့နယ်၏ မိုးစပါးစိုက်ပျိုးပြီးစီးမှု၊ ငွေတောင်ဆည်နှင့် ငွေတောင်ဆည်ရေဖြင့် မိုးစပါးစိုက်ပျိုးပြီးစီးမှုတို့ကို လည်းကောင်း၊ ဒီမောဆိုမြို့နယ်၏ မိုးစပါးစိုက်ပျိုးပြီးစီးမှုတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ဘောလခဲတပ်နယ် ဆင်ဖြူရှင်ခန်းမ၌ တပ်မတော်သားများနှင့် မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကယားပြည်နယ် ရွာသစ်ဒေသ၏ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ပွန်ချောင်းတစ်လျှောက်ကို လည်းကောင်း၊ဘောလခဲ၊ ဖားဆောင်းဒေသတို့၏ စိုက်ပျိုးရေးနှင့် သဘာဝသစ်တောများ ထိန်းသိမ်းဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထူးချောင်းတံတား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပွန်ချောင်းတစ်လျှောက်နှင့် ပွန်ချောင်းနှင့် ထူးချောင်းဆုံရာအနီး၌ တည်ဆောက်ထားသည့် ထူးချောင်းတံတားတို့ကို လည်းကောင်း၊ ကယားပြည်နယ် သံလွင်အရှေ့ခြမ်းဒေသရှိ မယ်စဲနမ်၊ ပန်တိမ်း၊ မယ်တနွယ်၊ ဆွပ်ဖ၊ ဝမ်ကန်၊ ဟိုဂျစ်၊ မဲပါချောင်းဒေသတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမြင့်ရွှေတို့က ရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သံလွင်အရှေ့ခြမ်းတွင် တည်ရှိသည့် ကယားပြည်နယ် မယ်စဲ့မြို့သို့ရောက်ရှိကြရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးဝင်းဌေးနှင့် တပ်မတော်အရာရှိများ၊ မယ်စဲ့မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်လွင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ကယားပြည်နယ် ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမြင့်ရွှေနှင့် အဖွဲ့ဝင်များသည် မယ်စဲ့မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိကြပြီး မြို့နယ်အစည်းအဝေးခန်းမ၌ မယ်စဲ့မြို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ရှေးဦးစွာ မယ်စဲ့မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်လွင်က မယ်စဲ့မြို့နယ်၏ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက မြို့နယ်၏ လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် စီမံဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရန် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုစွမ်းအားကိုရယူပြီး ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက် အကောင်အထည်ဖော်လျက်ရှိကြောင်း။

ယင်းသို့ ကြိုးပမ်းဆောင်ရွက် အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အစဉ်ရှင်သန်ခိုင်မာမှုတို့နှင့် ပြည့်စုံနေမှသာ နိုင်ငံတော်ကြီး အစွန့်ရှည်တည်တံ့ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ မြန်ဆန်စွာ ပြည့်မြောက်အောင်မြင်မည်ဖြစ်ကြောင်း။

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ်အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အထိုက်အလျောက် ဖြစ်ထွန်းအောင်မြင်လျက်ရှိသဖြင့် မိမိအနေဖြင့် ဝမ်းသာပီတိဖြစ်ရကြောင်း၊ မယ်စဲ့မြို့နယ်အနေဖြင့် ၂၀၀၅-၂၀၀၆ခုနှစ် ဒေသဝမ်းစာဖူလုံမှုသည် ၁၃၈ဒသမ ၅၈ရာခိုင်နှုန်းရှိသဖြင့် ဒေသအတွင်း ဖူလုံမှုရှိသည်ကိုတွေ့ရကြောင်း။

စိုက်ပျိုးရေးတိုးတက်

စိုက်ပျိုးရေးကဏ္ဍတွင် အောင်မြင်တိုးတက်မှုများရရှိသကဲ့သို့ ပညာရေးကဏ္ဍတွင် ဒေသခံ တိုင်းရင်းသားညီအစ်ကိုများ၏ ရင်သွေးငယ်များ ပညာရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးဝန်ကြီးဌာနမှ ဆရာ၊ ဆရာမများနှင့်အတူ ဒေသတွင် တာဝန်ယူထမ်းဆောင်နေကြသည့် အခြားဌာနမှ ဘွဲ့ရပညာတတ်ဝန်ထမ်းများက ဝိုင်းဝန်းပံ့ပိုးဖြည်းဆည်းပေးခြင်းဖြင့် ဒေသခံလူငယ်များ ယခုထက်ပို၍ ပညာရည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

ယခုအခါ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် ဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိရာ ဒေသအသီးသီးမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများနှင့် တိုင်းရင်းသားပြည်သူများအားလုံး အတူလက်တွဲပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ဂုဏ်ပြုလက်ဆောင်ပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မယ်စဲ့မြို့တွင် တာဝန်ထမ်းဆောင်နေကြသော ဌာနဆိုင်ရာဝန်ထမ်းများအတွက် ဂုဏ်ပြုလက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မယ်စဲ့မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွက် အလှူငွေများကို အသင်းအတွင်းရေးမှူး ဒေါ်သူဇာစိုးနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့အတွက် အလှူငွေများကို အဖွဲ့အတွင်းရေးမှူး ဒေါ်ချောစုလှိုင်တို့အား ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မယ်စဲ့ဒေသတွင် တာဝန်ထမ်းဆောင်နေကြသော တပ်မတော်သားများအတွက် ဂုဏ်ပြုလက်ဆောင်များနှင့် စားသောက်ဖွယ်ရာများကို မယ်စဲ့တပ်နယ်မှ ဗိုလ်မှူးကြီးဝင်းဌေးထံ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မယ်စဲ့မြို့အား တပ်မတော်ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆက်လက်၍ မယ်စဲ့ဒေသနယ်မြေ အခြေအနေကိုလည်းကောင်း၊ သံလွင်မြစ်ကြောင်းတစ်လျှောက်ကို လည်းကောင်း၊ မယ်စဲ့-ဖားဆောင်း ကားလမ်းကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာခဲ့ကြရာ နံနက် ၁၁နာရီ မိနစ် ၂၀ တွင် ဖားဆောင်းမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဖားဆောင်းတပ်နယ်သို့ ရောက်ရှိကြပြီး နယ်မြေခံတပ်နယ်ခန်းမ၌ ဖားဆောင်းတပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တပ်မတော်အစိုးရလက်ထက် နိုင်ငံတော်၏ ဖြစ်ပေါ်ပြောင်းလဲတိုးတက်လာမှုအဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး တပ်မတော်သားများအနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကာ တပ်တွင်းတပ်ပြင် စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်သွားကြရေး၊ နိုင်ငံတော်အား အဖျက်အမှောင့်လုပ်ရပ်များရှိပါက တိုက်ဖျက်ချေမှုန်းသွားရေး၊ တပ်တည်ဆောက်ရေးလုပ်ငန်းတာဝန်ကြီး(၄)ရပ် ဆောင်ရွက်သွားကြရေး မှာကြားပြီး တပ်မတော်သားများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဖားဆောင်းတပ်နယ်မှ တပ်မတော်သားများအတွက် ဂုဏ်ပြုလက်ဆောင်များကို နယ်မြေခံတပ်ရင်းမှ ဗိုလ်မှူးအောင်အောင်တိုးထံ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဖားဆောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိကြပြီး မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဖားဆောင်းမြို့နယ်၏ လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို မေးမြန်းပြီး အမှာစကားပြောကြားရာတွင် ဒေသအတွင်း စိုက်ပျိုးရေးလုပ်ငန်း တိုးတက်ဖြစ်ထွန်းရေးအတွက် ဌာနဆိုင်ရာများက ဒေသခံတောင်သူလယ်သမားများအား လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးကြပြီး ပညာပေးစည်းရုံးဆောင်ရွက်သွားကြရေး၊ ဒေသဝမ်းစာဖူလုံရေးမှတစ်ဆင့် ပိုလျှံသည်အထိ တိုးတက်စိုက်ပျိုးထုတ်လုပ်သွားရေး၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ဒေသခံ တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲ၍ ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ဘောလခဲမြို့သို့ ရောက်ရှိ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဖားဆောင်းမြို့မှ ပြန်လည်ထွက်ခွာခဲ့ကြပြီး ထူးချောင်းတစ်လျှောက်ကို လည်းကောင်း၊ ဖားဆောင်း-ဘောလခဲ ကားလမ်းအခြေအနေကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာခဲ့ကြရာ မွန်းလွဲ ၁၂နာရီ မိနစ် ၂၀ တွင် ဘောလခဲမြို့သို့ ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့အား ဘောလခဲတပ်နယ်မှ ဗိုလ်မှူးကြီး အေးလွင်နှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဘောလခဲမြို့မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိကြပြီး ဘောလခဲခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✡

မက္ကဆီကိုနိုင်ငံ တယ်လ်လီပတ်မြို့ရှိ မီးရှူးမီးပန်းများရောင်းချသည့် ဈေးဆိုင်တန်းတွင် စက်တင်ဘာ ၁၅ရက်က ပေါက်ကွဲမှုဖြစ်ပွားပြီး မီးလောင်ရာ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်နေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်စစ်ပွဲကို ထောက်ခံသည့် အမေရိကန်နိုင်ငံသားဦးရေ သိသိသာသာကျဆင်းသွားကြောင်း လေ့လာချက်တွင် ဖော်ပြ

နယူးယောက် စက်တင်ဘာ ၁၈

အမေရိကန်နိုင်ငံသားများအတွင်း အီရတ်စစ်ပွဲကို ထောက်ခံသူဦးရေမှာ သိသိသာသာ ကျဆင်းသွားကြောင်း နယူးယောက်တိုင်းမ်စ်သတင်းစာနှင့် စီဘီအက်စ်ရုပ်မြင်သံကြားဌာနတို့က ပူးတွဲပြုလုပ်သည့် ပြည်သူ့သဘောထားဆန္ဒ လေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံသည် အီရတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်ခြင်းမှာ မှန်ကန်သည့် လုပ်ရပ်ဖြစ်သည်ဟူ၍ ထင်မြင်ယူဆသူ အမေရိကန်နိုင်ငံသားဦးရေမှာ ယခုအခါ ၄၄ ရာခိုင်နှုန်းမျှသာရှိတော့ကြောင်း၊ လွန်ခဲ့သည့် နှစ်နှစ်ကျော်က အလားတူ ထောက်ခံသူ ဦးရေနှင့် နှိုင်းယှဉ်လျှင် ယင်းမှာ အနိမ့်ဆုံးအဆင့်သို့ ကျဆင်းသွားခြင်းဖြစ်ကြောင်း စနေနေ့တွင် ထုတ်ပြန်သည့် အဆိုပါ လေ့လာချက်တွင် ဖော်ပြထားသည်။

အီရတ်စစ်ပွဲသည် အမေရိကန်နိုင်ငံအတွက် ငွေကြေးဖြုန်းတီးသော စစ်ပွဲဖြစ်ပြီး ယင်းငွေကြေးအရင်းအမြစ်များမှာ အမေရိကန်နိုင်ငံအတွက် လိုအပ်နေသော အရင်းအမြစ်များဖြစ်သည်ဟု အမေရိကန်နိုင်ငံသား ၁၀ ဦးလျှင် ရှစ်ဦးက ယူဆကြောင်း လေ့လာချက်တွင် ရေးသားထားသည်။

ကတိပြု

အမေရိကန်နိုင်ငံတွင် ကက်ထရီနာဟု အမည်ပေးထားသော ဟာရီကိန်း မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရပြီးနောက် မက္ကဆီကို ပင်လယ်ကွေ့ဒေသတွင် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ဒေါ်လာ ဘီလီယံ ၂၀၀ အထိ လိုအပ်ချိန်တွင် အဆိုပါလေ့လာချက် စစ်တမ်းကို ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။ ဟာရီကိန်း မုန်တိုင်းဒဏ်မှ ပြန်လည် ထူထောင်ရေးလုပ်ငန်းများအတွက် လိုအပ်သောငွေကြေးကို ဖြည့်ဆည်းနိုင်ရန် ပြည်သူများထံမှ အခွန်အကောက် တိုးမြှင့်ကောက်ခံခြင်း မပြုပါဟု သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်က ကတိပြုခဲ့သည်။

ထင်ဟပ်

အီရတ်စစ်ပွဲနှင့် ပတ်သက်၍ အမေရိကန်နိုင်ငံသားများအတွင်း သဘောထားကွဲလွဲနေပုံကို ယင်းလေ့လာချက် စစ်တမ်း၌ ထင်ဟပ်ဖော်ပြထားသည်။ အီရတ်စစ်ပွဲသည် ဆိုးကျိုးသက်ရောက်မှုရှိသည်ဟု လူဖြူ ၃၆ ရာခိုင်နှုန်းက ထင်မြင်ယူဆကြပြီး ယင်းအမြင်ရှိသူ လူမည်းဦးရေမှာ ၅၈ ရာခိုင်နှုန်းရှိကြောင်း လေ့လာချက်တွင် ဖော်ပြသည်။ ***အင်တာနက်။***

နိုင်ငံတကာခရီးသွားလုပ်ငန်းပွဲတော် ကွာလာလမ်ပူတွင် ဖွင့်လှစ်
မလေးရှားခရီးသွားလုပ်ငန်း နှစ်ဝက်ကာလ၌ ၃ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်

ကွာလာလမ်ပူ စက်တင်ဘာ ၁၈

အကြိမ် (၂၀)မြောက် မလေးရှားနိုင်ငံတကာ ခရီးသွားလုပ်ငန်းပွဲတော်ကို သောကြာနေ့တွင် မြို့တော်ကွာလာလမ်ပူ၌ ဖွင့်လှစ်လိုက်သည်။ အဆိုပါ ခရီးသွားလုပ်ငန်းပွဲတော်သို့ ကမ္ဘာ့နိုင်ငံပေါင်း ၁၀နိုင်ငံမှ ပြပွဲခင်းကျင်းပြသသူ ၁၉၀ ခန့် တက်ရောက်ကြသည်။

ပြသ

မလေးရှား ခရီးသွားလုပ်ငန်းအသင်းက ကြီးမှူးကျင်းပသော အဆိုပါခရီးသွား လုပ်ငန်းပွဲတော်တွင် ခရီးသွားလုပ်ငန်းအေဂျင်စီများမှ စီးပွားရေးလုပ်ငန်းရှင်များ၊ အစိုးရတာဝန်ရှိသူများ၊ လေကြောင်းဌာနများမှ ကိုယ်စားလှယ်များက ပြခန်းပေါင်း ၈၀၀ခန့်ဖြင့် ပြသကြသည်။

မြို့တော်ကွာလာလမ်ပူရှိ ပူထရာကမ္ဘာ့ကုန်သွယ်ရေး ဗဟိုဌာနတွင် ကျင်းပသည့် ခရီးသွားလုပ်ငန်းပွဲတော်တွင် ခရီးသွားလုပ်ငန်းဆိုင်ရာဝန်ဆောင်လုပ်ငန်းအမျိုးမျိုးနှင့်ပတ်သက်၍ ပြသကြသည်။

ကျင်းပ

မလေးရှား ခရီးသွားလုပ်ငန်းအသင်းက ခရီးသွားလုပ်ငန်းပွဲတော်ကို ပုံမှန်ကျင်းပလေ့ရှိပြီး ဒေသတွင်းနိုင်ငံများက ယင်းပွဲတော်ကို စိတ်ဝင်စားကြကြောင်း မလေးရှား ခရီးသွားလုပ်ငန်းဝန်ကြီး လီယိုမိုက်ကယ်တိုယက်ဒ်က ဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားသည်။

၂၀၀၄ခုနှစ်တွင် မလေးရှားနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ၁၅ဒသမ၇သန်း အလည်အပတ်လာရောက်ခဲ့ပြီး ရင်းဂစ် ၂၉ဒသမ၇ဘီလီယံ (ဒေါ်လာ ၇ဒသမ၉ ဘီလီယံ) ရရှိခဲ့ကြောင်း၊ ယင်းမှာ မလေးရှား ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း သမိုင်းတွင် စံချိန်သစ်တစ်ရပ်ဖြစ်ကြောင်း မလေးရှားခရီးသွားလုပ်ငန်းဝန်ကြီးက ပြောကြားသည်။

၂၀၀၅ခုနှစ် ပထမနှစ်ဝက်ကာလတွင် မလေးရှားနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် ၃ဒသမ၅ရာခိုင်နှုန်း မြင့်တက်လာကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်တောင်ပိုင်း လောင်စာတင်ရထား ဗုံးဖောက်ခွဲခံရ

ဘဂ္ဂဒက် စက်တင်ဘာ ၁၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တောင်ပိုင်း ဒိုရာခရိုင်တွင် တနင်္ဂနွေနေ့က လောင်စာများသယ်ယူလာသည့် ရထားတစ်စင်း ဗုံးဖောက်ခွဲခံရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဒိုရာခရိုင် ရီယန်ဈေးအနီးတွင် ဓာတ်ငွေ့ရည်သယ်ဆောင်လာသည့် ရထား၏ တွဲနှစ်တွဲ ဗုံးပေါက်ကွဲမှုကြောင့် မီးလောင်ခဲ့သည်ဟု ရဲအရာရှိ အာမက်အဗ္ဗဒူလာက ဆင်ဟွာသတင်းဌာနအား ပြောကြားသည်။

မီးသတ်သမားများက အခြားလောင်စာဓာတ်ငွေ့ရည်တွဲများ မီးကူးစက်မှုမရှိစေရန်အတွက် ငြိမ်းသတ်ခဲ့ရသည်ဟု ၎င်းကပြောကြားသည်။

ယင်းပေါက်ကွဲမှုကြောင့် လူသေဆုံးမှုမရှိကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘူလ်ဂေးရီးယားရဲတပ်ဖွဲ့ စိတ်ကြွဆေးများသိမ်းဆည်း

ဆိုဖီယာ စက်တင်ဘာ ၁၈

ဘူလ်ဂေးရီးယား နယ်ခြားစောင့်ရဲတပ်ဖွဲ့သည် တူရကီနိုင်ငံဘက်သို့ မှောင်ခိုထုတ်ယူမည့် အမေရိကန်ဒေါ်လာ ၂ ဒသမ သုည ၁ သန်းတန်ဖိုးရှိ စိတ်ကြွဆေးပြား ကီလို ၁၁၀ ကို သိမ်းဆည်းရမိလိုက်ကြောင်း အကောက်ခွန်ဌာနက သောကြာနေ့တွင် ကြေညာသည်။

ဗြိတိန်နိုင်ငံမှ တူရကီနိုင်ငံသို့ မော်တော်ကား တာယာများ ဖြန့်ချိရောင်းချနေသော တူရကီလူမျိုးတစ်ဦးဖြစ်သူ ထရပ်ကားယာဉ်မောင်းကိုလည်း ဖမ်းဆီးထားကြောင်း အကောက်ခွန်ဌာနက ဖော်ပြသည်။ ယင်းစိတ်ကြွဆေးပြားများကို ကားပစ္စည်းများထည့်သည့် သေတ္တာအတွင်း ဝှက်၍ သယ်ဆောင်လာခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဇင်ဘာဘွေနှင့်တရုတ် တိရစ္ဆာန်လဲလှယ်ရေးစီစဉ် ဆိုက်ဘေးရီးယားကျား အာဖရိကသို့ ပို့မည်

ဟာရာရေး စက်တင်ဘာ ၁၈

နှစ်နိုင်ငံ တိရစ္ဆာန်ဖလှယ်ရေး အစီအစဉ်အရ တရုတ်နိုင်ငံမှ ဆိုက်ဘေးရီးယားကျား အဖြူလေးကောင်ကို ဇင်ဘာဘွေနိုင်ငံက ယခုနှစ်အကုန်တွင် လက်ခံရရှိမည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက စက်တင်ဘာ ၁၅ ရက်တွင် ထုတ်ဖော်ကြေညာသည်။

မိမိတို့နိုင်ငံတွင် ကျားသတ္တဝါမရှိကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် တရုတ်နိုင်ငံမှ ကျားရရှိသည်ကို ဝမ်းသာမိကြောင်း ဇင်ဘာဘွေခရီးသွားလာရေးဝန်ကြီး ဖရန်ဆစ်နဟီးမားက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

မိမိတို့နိုင်ငံအနေဖြင့်လည်း တရုတ်နိုင်ငံသို့ မြင်းကျားများ၊ အာဖရိကဆိတ်နှင့် ဆင်များကို တိရစ္ဆာန်လဲလှယ်ရေးအစီအစဉ်အရ ပေးပို့ခဲ့ဖူးကြောင်း နဟီးမားက ဆက်လက် ပြောကြားသည်။

လက်ရှိအခြေအနေတွင် တရုတ်နိုင်ငံမှ တိရစ္ဆာန်ကျွမ်းကျင်သူသုံးဦး ဇင်ဘာဘွေနိုင်ငံတွင် ရောက်ရှိနေသည်။ ၎င်းတို့သည် ဇင်ဘာဘွေနိုင်ငံ၌ ဆိုက်ဘေးရီးယားကျားအတွက် မျိုးပွားနိုင်ခြင်း ရှိ၊ မရှိ သိနိုင်ရန် လေ့လာစူးစမ်းမှုပြုလုပ်လျက်ရှိသည်။ ၎င်းကျွမ်းကျင်သူများ၏ အဆိုအရ ဇင်ဘာဘွေနိုင်ငံတွင် ကျားများကို မျိုးပွားနိုင်သည့် အခြေအနေရှိသည်ဟုဆိုသည်။***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်တွင်သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင် စက်တင်ဘာ ၁၇ ရက်အထိ ၁၈၉၈ ဦးရှိ

ဝါရှင်တန် စက်တင်ဘာ ၁၈

၂၀၀၃ ခုနှစ် မတ်လတွင် အီရတ် စစ်ပွဲစတင်ခဲ့ချိန်မှစ၍ ၂၀၀၅ ခုနှစ် စက်တင်ဘာ ၁၇ ရက်အထိ အီရတ်နိုင်ငံတွင် သေဆုံးခဲ့ရသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၁၈၉၈ ဦးရှိကြောင်း အေပီသတင်းဌာန၏ စစ်တမ်းတစ်ရပ်တွင်ဖော်ပြထားသည်။

ပါဝင်

အီရတ်နိုင်ငံတွင် သေဆုံးခဲ့ရသော အမေရိကန်တပ်ဖွဲ့ဝင်များအနက် ၁၄၇၅ ဦးမှာ ရန်သူ၏ တိုက်ခိုက်မှုကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း၊ ဖော်ပြပါအရေအတွက်တွင် အမေရိကန်တပ်ဖွဲ့၌ တာဝန်ထမ်းဆောင်နေသော အရပ်သားငါးဦးလည်း ပါဝင်ကြောင်း စစ်တမ်းတွင်ဖော်ပြသည်။

အီရတ်နိုင်ငံတွင် စစ်ဆင်ရေးလုပ်ငန်းကြီးများပြီးဆုံးပြီဟု သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်က ထုတ်ပြန်ကြေညာသည့် ၂၀၀၃ ခုနှစ် မေ ၁ ရက်နောက်ပိုင်း ယင်းနိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၇၅၉ ဦး သေဆုံးခဲ့ရကြောင်း၊ ထိုအရေအတွက် အနက် ၁၃၆၆ ဦးမှာ ခုခံတိုက်ခိုက်ရေးသမားများ၏လက်ချက်ကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း အဆိုပါစစ်တမ်းတွင် ဆက်လက်ဖော်ပြထားသည်။

အင်တာနက်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် စက်တင်ဘာ ၁၅ ရက်က လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော ဘတ်စ်ကားတစ်စီးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရန် ကျောက်မီးသွေးတွင်းတွင် မီးလောင်ပေါက်ကွဲ မိုင်းအလုပ်သမား ကိုးဦး သေဆုံး

တီဟီရန် စက်တင်ဘာ ၁၈

အီရန်နိုင်ငံ အရှေ့တောင်ပိုင်းတွင် ကျောက်မီးသွေး မိုင်းတွင်းတစ်ခု ဗုဒ္ဓဟူးနေ့က ပေါက်ကွဲခဲ့ရာ မိုင်းတွင်းအလုပ်သမားကိုးဦး သေဆုံးခဲ့သည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြေအောက် ရထားလမ်းတစ်ခုတွင် ဖြစ်ပေါ်လာသော မီးပွားမှ မီးစတင်လောင်ကျွမ်းခဲ့ရခြင်းဖြစ်သည်။ တီဟီရန်မြို့ အရှေ့တောင်ဘက် မိုင် ၄၅၀ အကွာ ဇာရန်မြို့အနီး ဘက်နီဇိုမိုင်းတွင်းမှ မီသိန်းဓာတ်ငွေ့များ စိမ့်ထွက်လာမှုကြောင့် ယခုကဲ့သို့ မီးလောင်ပေါက်ကွဲရခြင်းဖြစ်သည်။

ဗုဒ္ဓဟူးနေ့အစောပိုင်းက ကျောက်မီးသွေးမိုင်းတွင်း ပေါက်ကွဲခဲ့ရာ အလုပ်သမားကိုးဦး သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ရိုက်တာသတင်းဌာနသို့ တယ်လီဖုန်းဖြင့် ပြောကြားခဲ့သည်။ ထိုမိုင်းတွင်း မီးလောင်မှုကြောင့် သေဆုံးသူဦးရေ ထပ်မံတိုးလာစရာမရှိကြောင်း သိရှိရသည်။

ယမန်နှစ်က အီရန်နိုင်ငံ၏ မြောက်ဘက်ပိုင်းရှိ မိုင်းတွင်းနှစ်ခုတွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ မိုင်းလုပ်သား ၁၂ ဦး သေဆုံးခဲ့သည်။ ထိုမီးလောင်မှုသည်လည်း မီသိန်းဓာတ်ငွေ့ယိုစိမ့်မှုကြောင့်ပင်ဖြစ်ကြောင်း သတင်းများက ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

✡ စာမျက်နှာ ၃ မှ

ရှေးဦးစွာ ဘောလခဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကံထွန်းက မိုးစပါးရာသီတွင် ၄၀၃၂ဧက တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် ဘောလခဲခရိုင်၏ ပညာရေး၊ ကျန်းမာရေး၊ ပြန်ကြားရေးဆိုင်ရာ ကိစ္စရပ်များကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်ချက်များအလိုက် တာဝန်ရှိသူများနှင့် ဖြည့်ဆည်းစီမံဆောင်ရွက်ပေးပြီး ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ ပြန်ကြားရေးတို့မှ ဌာနဆိုင်ရာလုပ်ငန်းဆောင်ရွက်ချက်များကို မေးမြန်း၍ အမှာစကားပြောကြားရာတွင် နိုင်ငံအတွင်း နယ်မြေဒေသများ တည်ငြိမ်အေးချမ်းမှုဖြစ်ထွန်းနေပြီဖြစ်ရာ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ကျေးလက်ဒေသများအထိ ကွင်းဆင်းပြီး တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှုအပြည့်အဝဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စေတနာထားပြီး ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းပြောကြားပြီး နိုင်ငံတော်အစိုးရက တိုင်းရင်းသားပြည်သူများအပေါ် ထားရှိသည့်စေတနာနှင့် ဒေသအလိုက် ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးမှုများကို တိုင်းရင်းသားညီအစ်ကိုများ ပြည့်ပြည့်စုံစုံသိရှိနားလည် သဘောပေါက်လာအောင် ရှင်းပြစည်းရုံးဆောင်ရွက်ရေး၊ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ ဒေသဝမ်းစာဖူလုံရေးမှသည် ပိုလျှံသည်အထိ စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားရေး၊ နိုင်ငံတော်အစိုးရ၏ လုပ်ငန်းဆောင်တာများကို စေတနာပါပါဖြင့်ဒေသအကျိုး၊ နိုင်ငံတော်အကျိုးကို ရှေးရှု၍ မိမိကိုယ်မိမိ ဒေသဆိုင်ရာစည်းရုံးရေးမှူးသဖွယ်သဘောထားကာ ကြိုးပမ်းဆောင်ရွက်ကြရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်ကြရေးမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဘောလခဲတပ်နယ်သို့ ရောက်ရှိကြပြီး ဆင်ဖြူရှင်ခန်းမ၌ တပ်မတော်သားများနှင့် မိသားစုများအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တပ်မတော်အစိုးရ တာဝန်ယူပြီးနောက်ပိုင်း နိုင်ငံတော်၏ ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုအခြေအနေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး တပ်မတော်သားများအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တိုင်းရင်းသား ပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်သွားကြရေး၊ မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်သွားကြရေးမှာကြားပြီး တပ်မတော်သားများနှင့် မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဘောလခဲတပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုများအတွက် ဂုဏ်ပြုလက်ဆောင်များနှင့် စားသောက်ကုန်များကို ဘောလခဲတပ်နယ်မှ ဗိုလ်မှူးကြီးအေးလွင်ထံ ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဘောလခဲမြို့မှ လွိုင်ကော်မြို့သို့ ရောက်ရှိကြပြီး ဆက်လက်ထွက်ခွာခဲ့ရာ မွန်းလွဲ ၂နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဟဲဟိုးလေဆိပ်သို့ ရောက်ရှိကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့သည် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့် ဆောင်းပါးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၉

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီက ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့်ဆောင်းပါးပြိုင်ပွဲများ ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

ဝတ္ထုရှည်နှင့် ဝတ္ထုတိုပြိုင်ပွဲဝင်သူများသည် တပ်မတော်၏ အစဉ်အလာ (၁၂)ရပ်နှင့် ဘောင်ဝင်အောင် ရသမြောက်စွာရေးဖွဲ့၍ ဝင်ရောက်ယှဉ်ပြိုင်ကြရမည်ဖြစ်ပြီး ခေါင်းစဉ်သတ်မှတ်ပေးထားခြင်းမရှိဘဲ မိမိနှစ်သက်ရာခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်ဝတ္ထုရှည်ကို စာလုံးရေ ၅၀၀၀၀ မှ ၇၀၀၀၀အတွင်း ရေးသားကြရမည်။ ပြိုင်ပွဲဝင် ဝတ္ထုတိုကို စာလုံးရေ ၄၀၀၀မှ ၁၀၀၀၀အတွင်း ရေးသားကြရမည်ဖြစ်သည်။

ပြိုင်ပွဲဝင် ဆောင်းပါးကို စာလုံးရေ ၃၀၀၀မှ ၅၀၀၀အတွင်း ရေးသားရမည်ဖြစ်ပြီး ဆောင်းပါးအတွက် သတ်မှတ်ပေးထားသော ခေါင်းစဉ်မှာ **“တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်”**ဟူ၍ဖြစ်သည်။

ပြိုင်ပွဲဝင်သူများသည် စာမူနှစ်စောင်နှင့်အတူ မိမိကိုယ်တိုင်ရေးသားသော စာမူဖြစ်ကြောင်း၊ အခြားပြိုင်ပွဲများတွင် ဆုရရှိထားသည့် စာမူ၊ ပုံနှိပ်ဖော်ပြဖူးသည့် စာမူမဟုတ်ကြောင်း ကတိဝန်ခံချက်၊ စာရေးသူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းချုပ်နှင့် ရောင်စုံဓာတ်ပုံ (၂ ½လက်မ x ၂လက်မ) အရွယ် နှစ်ပုံတို့ကို ပူးတွဲပေးပို့ရမည်။ ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့် ဆောင်းပါးပြိုင်ပွဲများသို့ စာပေဝါသနာရှင်တိုင်း ကဏ္ဍတစ်မျိုးတွင် တစ်ပုဒ်ကျစီပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ ပြိုင်ပွဲအားလုံးတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့်အထူးဆုများကို ထိုက်ထိုက်တန်တန်ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများကို ဦးကိုကိုထွေး အတွင်းရေးမှူး၊ တပ်မတော်နေ့စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြည်လမ်း၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၁၅ရက်နောက်ဆုံးထား၍ ပေးပို့ကြရမည်ဖြစ်သည်။ (သတင်းစဉ်)

❖ မြန်မာ့လူ့ဘောင်မှ

မွန်ပြည်နယ် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မုတ္တမမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားမိဘများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ဘင်ခရာနှင့် ဒိုးပတ်အဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မုတ္တမမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲအခမ်းအနား ပထမပိုင်းအစီအစဉ်ကို ကျောင်းရှေ့ဥပစာ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်နှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဥက္ကဋ္ဌ ဦးခင်ဇော်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဧည့်သည်တော်များသည် ဖွင့်လှစ်လိုက်သော ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားရေး သင်ယူဆည်းပူးနေမှုနှင့် အိမ်တွင်းမှုနှင့် လက်မှုပညာခန်း၌ ကျောင်းသား၊ ကျောင်းသူများ အသက်မွေးမှု လက်မှုအတတ်ပညာ ဆောင်ရွက်နေမှုတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးရာ အိမ်တွင်းမှုနှင့် လက်မှုပညာခန်းမှ ကျောင်းသား၊ ကျောင်းသူများက ၎င်းတို့ကိုယ်တိုင်စီစဉ်ပြုလုပ်ထားသော အလှဆင်ပစ္စည်းကို ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုအားဂါရဝပြုပေးအပ်ကြသည်။

ယင်းနောက် ဂီတအနုပညာခန်းမ၌ ကျောင်းသား၊ ကျောင်းသူများက တေးဂီတ အနုသုခုမ ဖျော်ဖြေတင်ဆက်မှုများဖြင့် ဧည့်ခံဖျော်ဖြေကြပြီး ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများ ဖွင့်ပွဲ ဒုတိယပိုင်း အစီအစဉ်ကို ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်က ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးခင်ဇော်က ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ ပေါ်ပေါက် လာစေရေးအတွက် ဆောင်ရွက်ခဲ့မှု အခြေအနေများကို လည်းကောင်း၊ အမှတ်(၁) အခြေခံပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းကြည်က နိုင်ငံတော်၏ ပညာရေးဆိုင်ရာ ဆောင်ရွက်ချက်များကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများအတွက် ပစ္စည်းများနှင့် ကျောင်းအားကစားရုံအမိုးအတွက် အလှူတော်ငွေ ကျပ် ၁၀သိန်းတို့ကို ကျောင်းအုပ်ဆရာကြီးထံ ပေးအပ်သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ပညာရည်မြင့်မားရေး စာသင်ခန်းများအတွက် ငွေကျပ် နှစ်သိန်းကို ကျောင်းအုပ်ဆရာကြီးထံ ပေးအပ်လှူဒါန်းသည်။

နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် သင်ထောက်ကူပစ္စည်းများနှင့် အလှူငွေများကို ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းမြင့်က ပညာရည်မြင့်မားရေး စာသင်ခန်းများအတွက် ငွေကျပ်သိန်း ၂၀ကို ကျောင်းအုပ်ဆရာကြီးထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က မွန်ပြည်နယ်အတွင်း ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ ဖွင့်လှစ်နိုင်မှုအခြေအနေနှင့် ယခုဖွင့်လှစ်သော မုတ္တမမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာတွင် ယနေ့မျက်မှောက်ကမ္ဘာကြီးသည် ကြီးမား ပြောင်းလဲတိုးတက်မှုများနှင့် ရင်ဆိုင်နေပြီဖြစ်ရာ ဖြစ်ပေါ်လာသော အစဉ်အလာသစ်များနှင့် လူနေမှုပုံစံအသစ်ကို ရင်ဆိုင်ရမည့်သူများမှာ မျိုးဆက်သစ် လူငယ်များပင် ဖြစ်ကြောင်း၊ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များကို ခေတ်မီသောပညာရပ်များကို သင်ကြားပေးရန်အခြေအနေက တောင်းဆိုလာပြီဖြစ်ကြောင်း။

တိုးတက်လာသော ကမ္ဘာကြီးနှင့်အညီ မိမိတို့၏ ရင်သွေးများကို Information and Communication Technology ခေါ် ICT ပညာရပ်များကို မဖြစ်မနေသင်ကြားပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက မြန်မာ့လူ့ဘောင်ကို စဉ်ဆက်မပြတ် သင်ယူနေသော လူ့ဘောင်ဖြစ်အောင် အစီအမံများချမှတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရေး ဝန်ကြီးဌာနအား နှစ်(၃၀) ပညာရေး စီမံကိန်းကို ရေးဆွဲစေ၍ ခေတ်မီပညာရပ်များ တစ်ရှိန်ထိုးမြင့်မားလာအောင် ဆောင်ရွက်စေလျက်ရှိကြောင်း။

ယခုဆိုလျှင် တစ်နိုင်ငံလုံး အနှံ့အပြားရှိ ကျောင်းများ၌ မာလ်တီမီဒီယာ စာသင်ခန်းများကို နိုင်ငံတော်၊ ဒေသခံပြည်သူနှင့် အလှူရှင်များ၏ ပူးပေါင်းမှုအားဖြင့် တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း။

ခေတ်အဆက်ဆက်က အားနည်းခဲ့မှုကြောင့် ပညာရေးစနစ်မှာ ခေတ်နောက်ကျခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့သည် ပညာရေးစနစ်ကို ခေတ်မီသော Eletronic Education ဖြင့် မြှင့်တင်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့မြှင့်တင်ရာတွင် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြရန် စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း။

ဤသို့ စည်းရုံးဆောင်ရွက်မှုဖြင့် အောင်မြင်စွာ ဖွင့်လှစ်နိုင်သော ပညာရည် မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများတွင် သင်ယူဆည်းပူးခွင့်ရရှိကြသော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိကိုယ်ကိုမိမိ အားကိုးသော၊ တီထွင်ဖန်တီးလိုသောစိတ်၊ စုပေါင်း အဖြေရှာတတ်သော အလေ့အကျင့်နှင့် ခေတ်မီစက်ကိရိယာများကို ကိုင်တွယ် အသုံးပြုလာတတ်ခြင်းစသည့် အကျိုးတရားများ ရရှိလာမည်ဖြစ်ကြောင်း။

ထို့ကြောင့်မျိုးဆက်သစ်လူငယ်များအား အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့် ခေတ်မီသောပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများတွင် မိမိတို့ရင်သွေးသားသမီးများ အေးချမ်းစွာ ပညာသင်ယူနိုင်မှသာ မိမိတို့ရင်သွေးများသည် နောင်လာမည့် အနာဂတ်၏လူနေမှုဘဝ စနစ်နှင့်အံဝင်ခွင်ကျ ဖြစ်မည်ဖြစ်သဖြင့် အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် မှာကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အခမ်းအနားတက်ရောက်လာကြသူများအားရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်း အကျိုးတော်ဆောင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များအား ကျောင်းသား၊ ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် သီဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မုတ္တမမြို့မှ မော်လမြိုင်မြို့သို့ ဆက်လက်ထွက်ခွာကြပြီး မော်လမြိုင်မြို့၌ ညအိပ်ရပ်နားကြသည်။ (သတင်းစဉ်)

တေရသမအကြိမ် (၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်ထက်မြက်မြင့်မားရန်။
၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်။
၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်။
၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်။
၅။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်။
၆။ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။
၇။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာ ရှင်သန်လာစေရန်။

ပီတိအဟုန်တိုးလို့ ချမ်းမြေ့ မိတော့သည်

ဇေယျာမျိုးထက်

ညဦးပိုင်းကတည်းက ရွာလိုက်တဲ့မိုးဟာ နံနက်အရုဏ်တက် အလင်းရောင် မပီမသရလာချိန်အထိ မစဲသေးပေ။ မနေ့ညက မြန်မာ့ရုပ်မြင်သံကြားမိုးလေဝသသတင်းမှာ မြန်မာပြည်အောက်ပိုင်းဒေသတွင် မိုးဆက်လက်ရွာဦးမယ်လို့ မိုးလေဝသခန့်မှန်းရေးမှူးက ကြေညာသွားသည်။ ဇူလိုင်လနဲ့ဩဂုတ်လတွေမှာ မိုးမရွာတဲ့နေ့တွေက ရှားလှသည်။ မိုးလေမှန်တော့ ကောက်စိုက်သမတို့ရဲ့ တေးတကြော်ကြော် ဟစ်အော်သံက အောက်ပြည် အောက်ရွာက လယ်ကွင်းတွေမှာ သောသောညံလို့နေပြီ။

ခရီးတစ်ခုသွားဖို့ အကြောင်းရှိလာသည်။ အိမ်မှ လေဆိပ်သို့ ထွက်လာတဲ့လမ်းတစ်လျှောက် မိုးတဖွဲဖွဲနှင့်မို့ ကားသမားကို ဖြည်းဖြည်းမောင်းရန် သတိပေးရသေးသည်။ ကြိုရောက်နေသည့် ခရီးသွားမိတ်ဆွေကို လေဆိပ် နားနေဆောင်မှာ တွေ့လိုက်ရသည်။ “ဆရာ ရောက်နေတာကြာပြီ လား”ဟု အပြေးအလွှား နှုတ်ဆက်လိုက်မိသည်။ မိတ်ဆွေဖြစ်သူက “မကြာသေးပါဘူး၊ ရှေ့ဆင့် နောက်ဆင့်ရယ်ပါ”ဟု ရယ်ရယ် မောမော ပြောသည်။

လေဆိပ် ဘတ်စ်ကားဆိုက်လာတော့ သွားရမည့် ခရီးစဉ်အတွက် ထွက်ခွာမည့် လေယာဉ်ဆီသို့လိုက်ပါခဲ့ကြသည်။ သို့နှင့်မကြာမီ လေယာဉ်စထွက်သည်။ တဖွဲဖွဲနှင့် ရွာနေသည့်မိုးက မတိတ် သေးချေ။ “အမြင့်ပေ ၁၇၀၀၀ မှ ပျံသန်းပြီး ပျံသန်းချိန် ၁ နာရီနှင့် ၂၅မိနစ်ရှိမည်”ဟု လေယာဉ်မယ်လေးရဲ့ ကြေညာသံကို ကြားရသည်။ တစ်နာရီလောက်ကြာရင်ပဲ ဖြာထွက်လာတဲ့နေရဲ့ အလင်းရောင်နှင့်အတူ အပူငွေ့ကို ခံစားလိုက်ရသည်။ အညာဒေသ၏ နှုတ်ဆက်မှုက သိသာထင်ရှားလှသည်။ အမြင့်မှ တဖြည်းဖြည်း နိမ့်ဆင်းလာတဲ့ လေယာဉ်ရဲ့ ပြတင်းပေါက်မှ တစ်ဆင့် အညာဒေသ မြင်ကွင်းတွေကို တွေ့လိုက်ရပြီး မကြာမီညောင်ဦး လေဆိပ်သို့ ဆိုက်သည်။ လေဆိပ်မှတစ်ဆင့် ခေတ္တနားမည့်နေရာသို့သွား၍ ခေတ္တနားသည်။

အဲဒီနောက်ဇက်ဆိပ်သို့ ထွက်လာကြသည်။ ညောင်ဦးဘက်ကမ်းလက်ပံချေပေါ် ဇက်ဆိပ်မှ ပခုက္ကူ ဆိပ်ကမ်းသို့ ယာဉ်တင်ဇက်ကူးတို့နဲ့ ဧရာဝတီ မြစ်ကိုဖြတ်ကူးသည်။ ဇက်ကူးချိန် တစ်နာရီခွဲသာသာမှာ ပခုက္ကူမြို့ ဆိပ်ကမ်းသို့ ရောက်သည်။ ဆိပ်ကမ်းမှာ လာကြိုသည့်ကားက တည်းခိုမည့် ဟိုတယ်ကို ပို့ပေးသည်။ ပစ္စည်းများနေရာချပြီး နေ့လယ်စာကို ပခုက္ကူ မှာ ထင်ရှားလှသည့် “ဟိုပင်”မြန်မာထမင်းဆိုင်မှာ အညာထမင်းဟင်းနှင့် စားကြသည်။ ထမင်းစားပြီးလျှင် တာဝန်ရှိသူများနဲ့ တွေ့ဆုံ၍ ခရီးစဉ်ကိုဆွဲကြသည်။ ထိုနေ့မှာပင်ပခုက္ကူမြို့နယ်အတွင်းက ပေါင်လောင်ကန် စံပြရွာကိုသွားသည်။ ပေါင်လောင်ကန် စံပြရွာမှာ စည်ပင်သာယာရေးဦးစီးဌာနမှ စက်ရေတွင်း တူးစက်ကြီးဖြင့် တူးဖော်ပေးခဲ့တဲ့ သုံးလက်မ၊ အနက်ပေ ၂၄၀ပေရှိတဲ့ စက်ရေတွင်း၊ ရေစက်ရုံနဲ့ ရေကန်ပြီးစီးလို့ ရွာကိုရေပေးဝေနေတာကို သွားကြည့်ကြသည်။ ရေထွက်နှုန်းက တစ်နာရီ ဂါလန် ၁၇၀၀ ထွက်ရှိသည်။ ကျေးရွာဥက္ကဋ္ဌ ဦးညွန့်အောင်ကို မေးမိသည်။ **“ဒီစက်ရေ တွင်း မတူးဖော်ပေးခင်က ရွာက ရွာသူ၊ ရွာသားတွေ ဘယ်မှာရေသွားခပ်လဲ”၊ “စက်ရေတွင်းက ထွက်တဲ့ရေ အခြေအနေက ဘယ်လို”၊ “ရေတွေရလို့ ဖြစ်ပေါ် ခံစားချက်က ဘယ်ပုံ”** စသည်ဖြင့်...၊ **“စက်ရေတွင်းက ရေမရခင်က မိုးရေရရင်တော့ ရွာရဲ့အရှေ့တောင်မှာ ရှိတဲ့ ကန်ရေနောက်နောက်ကိုပဲ ကြည်အောင် စောင့်ပြီး ကျောက်ချဉ်ထည့်သုံးရကြောင်း”၊ “မိုးခေါင်တဲ့နှစ်တွေနဲ့ နွေရာသီကန်ရေခန်း လာချိန်မှာတော့ ရွာနဲ့တစ်မိုင်လောက်ဝေးတဲ့ ကျီးရွာက ကန်ရေကို သွားခပ်ရပုံ” “ကျီးရွာက ရေနည်းလာရင်တော့ ရွာနဲ့သုံးမိုင်လောက်ဝေးတဲ့ ရွှေတန့်တစ်မြစ်ရေတင်က ဧရာဝတီ မြစ်ရေကို တပင်တပန်း သွားခပ်ခဲ့ရပုံ”** တို့ကို ပေါင်လောင်ကန် ရွာသားတွေက ဝိုင်း၍ ဖြေကြသည်မှာ ယခင်က ရေခက်ခဲမှုကို မြင်ယောင်လာမိသည်။ အဲဒီနောက် ရွာသားတွေက ဝိုင်း၍ ဖြေကြသည်မှာ ယခင်က ရေခက်ခဲမှုကို မြင်ယောင်လာမိသည်။ အဲဒီနောက် ရွာသားတွေထဲမှ ရှေ့မီနောက်မီ ဘကြီးကျော်က **“ဒီမှာစက်ရေတွင်းတူးတော့ ရေထွက်ဖို့ ဆုတောင်းကြပုံများနဲ့ ထွက်လာတဲ့ရေက ကြည်လင်အေးမြတဲ့ ရေချိုထွက်ရှိလို့ တစ်ရွာလုံး ဝမ်းသာကြပုံ”** တွေကို မမောနိုင်မပန်းနိုင် ပြောပြသည်။ “ပေါင်လောင်ကန်ရွာမှာ သန့်ရှင်းတဲ့ သောက်သုံးရေရပြီ”လို့ ကြွေးကြော်နိုင်ကြပြီ။ သူတို့ရဲ့ပျော်ရွှင် မှုက ကျွန်တော်တို့ထံ ကူးစက်ခဲ့သည်။

နောက်တစ်နေ့မှာပခုက္ကူ–ပေါက်လမ်းအတိုင်းပေါက်မြို့သို့ဆက်ထွက်ခဲ့သည်။ ပခုက္ကူမှ အထွက် ကံလှရွာ သဲချောင်းတွင် မိတ်ဆွေတို့ စီးလာတဲ့ ဗင်ကား သဲနစ်သည်။ ရွာမှ ယောကျ်ားသားတွေ တစ်ယောက်တစ်လက်၊ ပေါက်ပြား၊ ဂေါ်ပြားထမ်း၍ ထွက်လာကြသည်။ သဲလမ်းကြောင်းရှင်း၍ ဝိုင်းတွန်းကြပြီး သဘာဝအတားအဆီးကို ညီညွတ်မှုစွမ်းအားဖြင့် အနိုင်ယူလိုက်သည်။ မြန်မာတို့ရဲ့ချစ်စရာရိုင်းပင်းကူညီမှု ဓလေ့စရိုက်ကို အထင်းသားတွေ့ခဲ့ရသည်။ အဲဒီက ဆက်ထွက်လာခဲ့ပြီး သိပ်မကြာခင်မှာပဲ ကမ္မဆိုတဲ့ ရွာတန်းရှည်ကြီးကို တွေ့ရသည်။ ရန်ကုန်– မန္တလေးကားဂိတ်များ၊ ဈေးတန်းများဖြင့် စည်ကားနေသလိုအညာဒေသမှ အုန်းပင်တန်းတွေကို ထူးခြားစွာတွေ့ရသည်။ စီးလာတဲ့ ဂျစ်ကားဆရာကို မေးမိတော့ ကမ္မရွာမှပဲအမျိုးမျိုး၊ အုန်းသီးနဲ့ ကွမ်းရွက်ထွက်ရှိပြီး ရေကိုတွင်းတိမ်နဲ့ တူးလို့ရလို့ အညာဒေသရဲ့ အိုအေစစ်ဟု တင်စား၍ ခေါ်ဝေါ်သော ရွာကြီးဖြစ်ကြောင်း သိရှိရသည်။ အညာဒေသ ပခုက္ကူခရိုင်မှာ ဒီနှစ် မိုးတွင်းမှာ မိုးတစ်ကြိမ် နှစ်ကြိမ်သာရွာသေးကြောင်း ကားဆရာက ပြောပြသည်။ ရန်ကုန်က စထွက်လာတော့ မိုးတဖွဲဖွဲရွာနေကြောင်း၊ ညောင်ဦး လေဆိပ်ရောက်တော့ မိုးနံ့ကင်းမဲ့မှုကို မြင်ရတော့ ထူးဆန်းနေမိကြောင်း ပြောပြရာ ကားဆရာက ဒါတွေဟာ အပူပိုင်းဒေသရဲ့ မိုးနည်းရေရှားမှုကို သက်သေပြနေသလိုဖြစ်ကြောင်း၊ ဒီဒေသရဲ့ရေရှားမှုမှ အခုဆိုရင် လွန်မြောက်တော့မှာဖြစ်ကြောင်း၊ အညာဒေသရဲ့ အိုအေစစ်တွေ အနှံ့အပြား မြင်တွေ့ရတော့မှာဖြစ်ကြောင်း စသဖြင့် ကားဆရာရဲ့ ဒဿနစကားကို ကြားရသည်။ ပခုက္ကူနှင့် ပေါက်က ၄၇မိုင်ကျော်၊ ပေါက်နဲ့ ကျောက်ထုက ၃၂ မိုင်၊ ကျောက်ထုနဲ့ မင်းတပ်က မိုင် ၂၀ ကျော်၊ ဒါ့ကြောင့် ဒီလမ်းက ပခုက္ကူ–ပေါက်–ကျောက်ထုမှတစ်ဆင့် ချင်းပြည်နယ် တောင်ပိုင်း မင်းတပ်မြို့သို့ ကားလမ်းအတိုင်း ဝင်ပေါက်ဖြစ်သည်။ ဂျစ်ကားဆရာက ဂီယာကို ဂီယာအကြီးသို့ ပြောင်းထိုးလိုက်ပြီး မကြာမီ တောင်တက်လမ်းစသည်။ ကားဆရာက တက်မတောင်ကို ဖြတ်ကျော်နေပြီ ဖြစ်ကြောင်း ပြောသံနှင့်အတူ ဘေးပတ်ဝန်းကျင်မြင်ကွင်းသို့ အလိုလို လှမ်းကြည့်မိသည်။ တက်မတောင် စိမ်းလန်းစိုပြည်ရေးအတွက် ဆောင်ရွက်နေကြောင်း သိထားသည့်အတိုင်း သစ်ပင်များစိုက်ပျိုးထားရှိမှုကို တွေ့ခဲ့ရသည်။ တက်မတောင်ကို ကားလမ်းအတိုင်း ဖြတ်သန်းပြီးနောက် ပေါက်မြို့ မရောက်မီ မကြာသေးခင်က ဖွင့်ခဲ့တဲ့ ပေါက်တံတား(ရေပြာ)နဲ့ ပေါက်တံတား (အုန်းတော)ကို ဖြတ်ခဲ့ရသည်။ တံတားနှစ်စင်းလုံးက ယောချောင်းကိုဖြတ်သည့် တံတားများဖြစ်သည်။ တံတားပင်မ ဘေလီတံတားနှင့်အတူ အလယ်မှာ တမံမြေသားဖို့ပြီး တံတားငယ်များနှင့် ဆက်ထားသည်ကို ထူးခြားစွာတွေ့ခဲ့ရသည်။

မကြာမီ ပေါက်မြို့ကို ရောက်သည်။ ပေါက်မြို့လယ်က ဆင်ဇာချောင်း၊ ပေါက်မြို့ကို ဝန်းရံထားတဲ့ ပေါက်ချောင်း၊ မလှမ်းမကမ်းက လှမ်းမြင်ရတဲ့ ကျောချောင်းတို့ ရှိနေပေမယ့် သဲချောင်းတွေဖြစ်လို့ မိုးရွာပြီး မကြာခင် သဲသာကျန်ပြီး ရေမတင်ကြောင်း သိရသည်။ ပေါက်မြို့တွင် သန့်ရှင်းသော သောက်သုံးရေ ရရန်အတွက် ဆောင်ရွက်ပေးနေသည်။ တွင်းတူးစက်ကြီးဖြင့် စက်ရေတွင်း စတူးနေပုံနှင့် အနက်ပေအလိုက် ထွက်ရှိလာသောမြေသား နမူနာအား ကြည့်ခဲ့ကြသည်။ ပေါက်မြို့ကနေ ကျောက်ထုအထွက်သို့သွား၍ ကားလမ်း၏ အမြင့်ဆုံးနေရာမှ မြင်တွေ့ရသည့် မှိုင်းညို့ညို့ ပုံတောင်တောင်တန်းကို လှမ်းမျှော်ကြည့်မိသည်။ တစ်ခါမျှ မရောက်ဖူးသေးသည့် ဒေသသို့ ယခုမှ ရောက်ဖူးရတော့ မိမိနိုင်ငံအတွင်း ဒေသန္တရမြင်ကွင်းရဲ့ သာယာလှပမှုက ရင်ကို ဆွတ်ပျံ့ကြည်နူးစေသည်။

မြိုင်မြို့နယ် မင်းသားကျကျေးရွာတွင် တူးဖော်ခဲ့သည့် စက်ရေတွင်းမှ ရေများပန်းထွက်လျက်ရှိရာ ရွာသူရွာသားများပျော်ရွှင်စွာရေချိုးနေကြစဉ်။

အဲဒီနောက် ပေါက်မြို့မှ ပြန်လှည့်၍ ကမ္မရွာ၊ ကမ္မမှ မြိုင်မြို့သို့ဆက်ထွက်ခဲ့သည်။ နောက်တစ်နေ့ မြိုင်မြို့နယ် မင်းသားကျရွာသို့ သွားသည်။ စက်ရေတွင်း တူးလို့ရေစထွက်နေပြီး ရေမှုတ်စမ်းသပ်နေပုံတို့ကို သွားရောက်ကြည့်ရှုခဲ့သည်။ ရေမှုတ်၍ ရေများ ပန်းထွက်နေပုံကို ရွာသူ၊ ရွာသားများ အထူးအဆန်းသဖွယ် ဝိုင်း၍ကြည့်နေကြသည်။ ကလေးများ ရေပန်း အောက်မှာ ပျော်ရွှင်စွာ ရေချိုးကြသလို ကာလသားများ ရေပုံးတွေနဲ့ ဝမ်းသာစွာရေခပ်နေပုံမှာ အင်မတန် ကြည်နူးစရာကောင်းသည့် မြင်ကွင်း ဖြစ်ပေသည်။

> **စက်ရေတွင်း တူးလို့ရေစထွက်နေပြီး ရေမှုတ်စမ်းသပ်နေပုံတို့ကို သွားရောက် ကြည့်ရှုခဲ့သည်။ ရေမှုတ်၍ ရေများ ပန်းထွက်နေပုံကို ရွာသူ၊ ရွာသားများ အထူးအဆန်းသဖွယ် ဝိုင်း၍ကြည့်နေကြသည်။ ကလေးများ ရေပန်း အောက်မှာ ပျော်ရွှင်စွာ ရေချိုးကြသလို ကာလသားများ ရေပုံးတွေနဲ့ ဝမ်းသာစွာ ရေခပ်နေပုံမှာ အင်မတန် ကြည်နူးစရာကောင်းသည့် မြင်ကွင်းဖြစ်။**

မကြာခင် ပခုက္ကူခရိုင်အတွင်းရှိ ပခုက္ကူ၊ပေါက်၊ ရေစကြို၊ ဆိပ်ဖြူနှင့် မြိုင်ငါးမြို့နယ်မှ ကျေးရွာအားလုံး သန့်ရှင်းသောသောက်သုံးရေ ရရှိတော့မည်။ စာရင်းဇယားအရဆိုရလျှင် ပခုက္ကူ ခရိုင်အတွင်းရှိ မြို့နယ်ငါးမြို့နယ်မှ စုစုပေါင်း ကျေးရွာအုပ်စု ၃၃၀ ရှိ ကျေးရွာပေါင်း ၁၂၀၉ရွာတွင် ကျေးရွာ ၉၆၇ရွာ၌သန့်ရှင်းသော သောက်သုံးရေရရှိပြီး ဖြစ်သည်။ ကျန်ရှိသည့် ကျေးရွာ ၂၄၂ ရွာနှင့် ကွင်းဆင်းချက်အရ ထပ်မံဆောင်ရွက်ရမည့်ရွာ ၉၃ ရွာရှိ၍ ဆောင်ရွက်ရမည့်ရွာ စုစုပေါင်း ၃၃၅ ရွာရှိသည်။ ခရိုင်လုံးကျွတ် စီမံကိန်းမစတင်မီ ပြီးစီးသည့်ရွာ ၂၁၆ ရွာရှိ၍ ခရိုင်လုံးကျွတ်စီမံကိန်းတွင် ဆောင်ရွက်ရမည့်ရွာ ၁၁၉ရွာအား သန့်ရှင်းသော သောက်သုံးရေ ရရှိရေးဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်ရာ စီမံကိန်းကြီးပြီးစီးချိန်တွင် ကျေးရွာပေါင်း ၁၂၀၉ရွာစလုံး၌ သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာ ရရှိမည်ဖြစ်သည်။ နယ်စပ် ဒေသနှင့်တိုင်းရင်းသားလူမျိုး များဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ပခုက္ကူ ခရိုင်လုံးကျွတ်သန့်ရှင်းသောသောက်သုံးရေရရှိရေး စီမံကိန်းသည် အောင်မြင်စွာ ပြီးမြောက်တော့မည်ဖြစ်ကြောင်းလေ့လာတွေ့ရှိခဲ့ရသည်။

အပြန်လမ်းတွင် ပထမဆုံးရရှိခဲ့သည့် ဒေသန္တရဗဟုသုတများကို ကြည်နူးစွာ ခံစားရတာက တစ်မျိုး၊ ယင်းဒေသမှ ရွာသူ၊ ရွာသားတွေကို မိမိဆွေမျိုးသား ချင်းတွေလိုသဘောထားပြီးဝါသနာ၊ စေတနာဖြင့်ကျရာတာဝန်ကိုဝမ်းမြောက်ဝမ်းသာ ကျေပွန်စွာ ထမ်းဆောင်နေကြတဲ့ စည်ပင်သာယာရေးဝန်ထမ်းများရဲ့ ရွှင်လန်းတက်ကြွမှုများကူးစက်ခံစားရ တာကတစ်ဖုံ၊ ပခုက္ကူခရိုင်အတွင်း ကျေးရွာတိုင်းမှ သန့်ရှင်းသော သောက်သုံးရေရရှိလို့ ပျော်ရွှင်မှုတွေ ပြည့်နှက်နေတဲ့ ရွာသူ၊ ရွာသားတွေရဲ့ အပျော်ကို မိမိအပျော်လို ခံစားမိတာက တစ်နည်းဖြင့် ပီတိအဟုန် ထပ်ခါထပ်ခါ တိုးလို့ ချမ်းမြေ့မိပါကြောင်းရေးသား တင်ပြလိုက်ရပါသည်။ ။

❍ **ရှေ့ဖုံးမှ**

ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တိုင်းရင်းသား ရပ်မိရပ်ဖများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဟိုမိန်းမြို့နယ်မြေခံတပ်ရင်းသို့ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တပ်မတော်သားများအတွက် စားသောက်ကုန်များကို ဟိုမိန်းတပ်နယ်မှ ဗိုလ်မှူးကြီး အောင်ကျော်စိုးထံ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဟိုမိန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ရောက်ရှိကြပြီး ပြည်ထောင်စုခန်းမ၌ ဟိုမိန်းမြို့တွင် တာဝန်ထမ်းဆောင်နေကြသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ဟိုမိန်းမြို့မှ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံ တိုင်းရင်းသားရပ်မိရပ်ဖများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲအခမ်းအနားတွင် ရှေးဦးစွာ ဟိုမိန်းမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှူး ဦးတင်မောင်စိုးက ဟိုမိန်းမြို့၏ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ တည်ဆောက်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ရောက်ရှိမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ငြိမ်းချမ်းရေး၏ ရလဒ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ဟိုမိန်းမြို့သည် နိုင်ငံတော်အစိုးရ၏ မေတ္တာ၊ စေတနာနှင့် ရှမ်းပြည်နယ်အပါအဝင် နိုင်ငံတော်တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းသာယာဝပြောမှု၊ ထာဝရရှင်သန်ဖွံ့ဖြိုးရေးနှင့် တိုင်းရင်းသားပြည်သူများ၏ မြဲမြံခိုင်မာသော စည်းလုံးညီညွတ်မှုတို့ကို ရှေးရှုဦးတည် ဖော်ညွှန်းပေးနေသည့် ငြိမ်းချမ်းရေး၏ ရလဒ်၊ ငြိမ်းချမ်းရေး၏ အနှစ်သာရ အကျိုးတရားဖြစ်သည်ကို ဒေသခံ တိုင်းရင်းသားပြည်သူများ သိရှိခံစားကြရပြီး ဖြစ်ကြောင်း။

ဤဟိုမိန်းဒေသသည် နိုင်ငံတော်အစိုး၏ ပံ့ပိုးဖြည့်ဆည်းပေးမှုနှင့်အတူ ဒေသခံတိုင်းရင်းသား ပြည်သူများ၊ ရပ်မိရပ်ဖများ၏ လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်မှုကြောင့် အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လျက်ရှိနေသည်ကို တွေ့မြင်ရ၍ ဝမ်းသာပီတိဖြစ်ရကြောင်း။

စေတနာပါပါ ပံ့ပိုးဖြည့်ဆည်း

ဤဒေသမှာ ရောက်ရှိတာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းအသီးသီး တို့ကလည်း ဒေသခံ တိုင်းရင်းသားညီအစ်ကိုများ၏ ပူးပေါင်းပါဝင်မှု စွမ်းအားကို ရယူကာ ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍအလိုက် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်အလေးထားပြီး စေတနာပါပါ ဝိုင်းဝန်းပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဤကဲ့သို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ မှန်ကန်သော ကြိုးပမ်းဆောင်ရွက်မှု စေတနာပါသော ပံ့ပိုးကူညီမှုများကို ဒေသခံတိုင်းရင်းသားပြည်သူများ သိမြင်ခံစားလာရသည်နှင့်အမျှ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အပေါ် ယုံကြည်အားကိုးမှု၊ ပူးပေါင်းပါဝင်မှုတို့ဖြစ်ထွန်းလာပြီး ဟိုမိန်းဒေသအပါအဝင် ပြည်နယ်တစ်ခုလုံးသာမက နိုင်ငံတော်တစ်ဝန်းလုံးမှာပါ ဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

စည်းရုံးဆောင်ရွက်

နိုင်ငံ့ဝန်ထမ်းများသည် မိမိတာဝန်ကျရာဒေသအသီးသီး၌ ဒေသခံပြည်သူများနှင့် တိုက်ရိုက်ထိတွေ့နေရသည့် နိုင်ငံတော်အစိုးရ၏ ကိုယ်စားလှယ်များ ဖြစ်ကြသကဲ့သို့ နိုင်ငံတော်အစိုးရ၏ မူဝါဒလုပ်ငန်းစဉ်များ၊ ဆောင်ရွက်ချက်များကို ဒေသခံတိုင်းရင်းသားပြည်သူများ သိရှိနားလည်လာအောင် စည်းရုံးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

သို့မှသာ တိုင်းရင်းသားပြည်သူများနှင့် တစ်သွေးတည်း တစ်သားတည်း၊ တစ်စိတ်တည်း တစ်ဝမ်းတည်းရှိနေကာ တိုင်းရင်းသားပြည်သူများ၏ ယုံကြည်အားကိုးမှု ခံယူရရှိကြမည်ဖြစ်ပြီး နိုင်ငံတော်အစိုးရက အကောင်အထည်ဖော် တည်ဆောက်နေသော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး အလျင်အမြန် ပေါ်ထွန်းလာမည်ဖြစ်ကြောင်း။

ထို့ကြောင့် မိမိဒေသအပါအဝင် ပြည်နယ်တစ်ခုလုံး တည်ငြိမ်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ အားလုံး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

လက်ဆောင်များပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းအား ဟိုမိန်းမြို့မှ ဒေသခံ တိုင်းရင်းသားခေါင်းဆောင် ဦးနော်မိန်းခွန်က အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဟိုမိန်းမြို့၌ တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ဟိုမိန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးတင်မောင်စိုးထံ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်ဖြင့် ဟိုမိန်းဒေသကိုလည်းကောင်း၊ စဥ့်ပင်တောင်နှင့် ပွန်ချောင်းတစ်လျှောက်ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာခဲ့ကြရာ ညနေ ၄နာရီတွင် လွိုင်ကော်မြို့သို့ ရောက်ရှိသည်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အကြိုငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၉

၂၀၀၅ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အကြိုလှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ သီရိရတနာခန်းမ၌ကျင်းပရာ ၂၀၀၅ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေးကော်မတီနာယက၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား တက်ရောက်အမှာစကားပြောကြားပြီး ၂၀၀၅ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အကြိုငွေပဒေသာပင် စိုက်ထူလှူဒါန်းသည်။

ရှေးဦးစွာ ၂၀၀၅ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေးကော်မတီနာယက၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက အမှာစကားပြောကြားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ ၂၀၀၅ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အကြိုငွေပဒေသာပင်အဖြစ် ငွေကျပ်တစ်သိန်းကို စိုက်ထူလှူဒါန်းရာ နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(အငြိမ်းစား) က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က ၂၀၀၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အကြိုအဖြစ် ဆေးဝါးများကို ကျန်းမာရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမေဝင်းအောင်ခင်သို့ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ အသက်အကြီးဆုံး ဖြစ်ကြသည့် အသက် (၁၀၄)နှစ်ရှိ ဘွားအေးမေနှင့် အသက် (၉၆)နှစ်ရှိ အဘိုး ဘိုးချက်တို့အား အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က ၂၀၀၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အို များနေ့ အကြိုလုပ်ရှားမှု အနေဖြင့် **"သက်ရွယ်ကြီးမားဘိုးဘွားများ သိက္ခာသုံးပါး ကျင့်ကြံပွား"** ခေါင်းစဉ်ဖြင့် ကျင်းပသည့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ ဘွားလီလီ(၈၂)နှစ်၊ ဒုတိယဆုရ ဘွားမြမြ(၇၂)နှစ်၊ တတိယဆုရ ဘိုးမြသွင်(၈၇)နှစ်နှင့် နှစ်သိမ့်ဆုရ ဘိုးဘွား ၁၇ ဦး တို့ကိုယ်စား ဘိုးဂွမ်ရှင်(၇၄)နှစ်အား ဆုများချီးမြှင့်သည်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ အသက် (၉၆)နှစ်ရှိ အဘိုးဘိုးချက်အား အလှူငွေနှင့် ဆေးဝါးပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၉-၂၀၀၅ (အင်္ဂါနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၁၀	Star Album(Examplez)
၇:၅၀	ပြည်တွင်းသတင်းအကျဉ်း
၇:၅၅	တေးဂီတအစီအစဉ်
၈:၀၀	လျှပ်စစ်မီးဝေဖြာဘိုင်းဒါးကျေးရွာ
၈:၁၀	နိုင်ငံတကာသတင်းအကျဉ်း
၈:၁၅	အရောင်များထဲမှအမျိုးသမီးများ
၈:၃၀	တေးဂီတအစီအစဉ်
၈:၃၅	(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြိုအားကစားအဖွဲ့ချုပ်များ၏ကြိုတင်ပြင်ဆင်မှုများ (ဘိလိယက်နှင့် စနူကာ)
၈:၅၅	ပြည်တွင်းသတင်းအကျဉ်း
၉:၀၀	မိုးလေဝသခန့်မှန်းချက်
၉:၀၅	နာတာရှည်အတက်ရောဂါ (သို့)ဝက်ရူးပြန်ရောဂါ
၉:၂၀	တေးဂီတအစီအစဉ်
၉:၂၅	Sunday Talk
၁၀:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၂၅	တေးဂီတအစီအစဉ်
၁၀:၃၀	မြန်မာ့ဂုရှုး(အပိုင်း-၁)
၁၀:၄၀	တေးဂီတအစီအစဉ်
၁၀:၄၅	ဆန်စက်ဖွံ့ဖြိုးတို့ပြည်အကျိုး
၁၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ လေးနာရီစာ အစီအစဉ်များကို ည (၂၃:၀၀) နာရီအထိ လေးကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League
ဘောလုံးပွဲစဉ်များ

ညပိုင်း အစီအစဉ်
၁၀:၀၀ Portsmouth-Birmingham
လိုင်း 5-Cartoons(Delay)

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်

ရန်ကုန် စက်တင်ဘာ ၁၉

အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ပုဂ္ဂလိကပိုင်ပြုလုပ်မည့် မော်လမြိုင်ရေခဲစက်(မီးပြရေခဲစက်) အမှတ်(၅-အေ) အထက်လမ်းမကြီး ရွှေတောင်ရပ် မော်လမြိုင်မြို့ မြေဧရိယာ ၀ ဒသမ ၁၃၇ဧကကို ကြမ်းခင်းဈေးကျပ် ၂၄ဒသမ ၃၄သန်းဖြင့်လည်းကောင်း၊ မော်လမြိုင်အမှတ်(၃) ရေခဲစက်ရုံ လဂွန်းအိမ်လမ်း မြိုင်သာယာမြို့သစ် မော်လမြိုင်မြို့ မြေဧရိယာ ၁ဒသမ ၂၅၀ဧကကို ကြမ်းခင်းဈေး ကျပ် ၁၁၇ဒသမ ၆၆သန်းဖြင့်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ပုဂ္ဂလိကပိုင်ပြုလုပ်မည့် စစ်တွေမြို့ အသံထွက်ရုပ်ရှင်ရုံ မြေနေရာ အမှတ်(၃၅) ရွှေဘန်းလမ်း ရူပတောင်ရပ်ကွက် စစ်တွေမြို့ ရခိုင်ပြည်နယ် မြေဧရိယာ ၀ ဒသမ ၂၂၉ ဧကကို ကြမ်းခင်းဈေးကျပ် ၆ ဒသမ ၄၈၄ သန်းဖြင့်လည်းကောင်း ဈေးပြိုင်စနစ်ဖြင့် အပြီးအပြတ် ရောင်းချမည်ဖြစ်သည်။ ဝယ်ယူလိုသူ ပုဂ္ဂိုလ်/အဖွဲ့အစည်းများသည် အဆိုပြုလွှာများကို စက်တင်ဘာ ၂၂ရက်မှစ၍ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန အမှတ်(၃၁၃) ဗိုလ်အောင်ကျော်လမ်း ရန်ကုန်မြို့၌ ဝယ်ယူနိုင်သည်။ ယင်းအဆိုပြုလွှာများကို အောက်တိုဘာ ၂၁ရက် တစ်ရက်တည်းသာ နံနက် ၁၀နာရီမှ ညနေ ၄နာရီအတွင်း တင်သွင်းရမည်ဖြစ်သည်။

အပြီးအပြတ်ဝယ်ယူရန် အဆိုပြုထားသူများအနက် မူလပိုင်ရှင်သည် တိုင်းရင်းသားဖြစ်ပြီး အများဆုံးဈေးနှုန်းပေးသူနှင့် ဈေးနှုန်းတူညီစွာပေးနိုင်ပါက ဦးစားပေးစဉ်းစားမည်ဖြစ်သည်။ မူလပိုင်ရှင်ဖြစ်ကြောင်း ခိုင်လုံသော အထောက်အထား တင်ပြရမည်ဖြစ်ပြီး မူလပိုင်ရှင်မဟုတ်ပါက အများဆုံးပေးဝယ်မည့် တိုင်းရင်းသားများကို ဦးစားပေးမည်ဖြစ်သည်။

လျှောက်ထားသူများသည် သတ်မှတ်ထားသောပုံစံတွင် ဖြည့်စွက်လျှောက်ထားရန်ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို သိလိုပါက ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန အမှတ်(၃၁၃) ဗိုလ်အောင်ကျော်လမ်း ရန်ကုန်မြို့ ဖုန်း-၂၄၅၅၀၆၊၂၄၅၅၁၆၊ ၂၄၅၅၃၇ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၀-၉-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၁၅	၂။	**တိပိဋကရေ၊ဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇:၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၆။	ကဗျာပန်းဥယျာဉ်
၈:၀၀	၇။	အတီးပြိုင်ပွဲ
၈:၁၀	၈။	နှောင်းခေတ်တေးပဒေသာ
၈:၂၀	၉။	အကပြိုင်ပွဲ
၈:၂၅	၁၀။	ဒေသဖွံ့ဖြိုးတိုးတက်ဝေစည်ဒုဋ္ဌဝတီ
၈:၃၀	၁၁။	International News.
၈:၄၅	၁၂။	Let's Go
၉:၀၀	၁၃။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	English for Everyday Use
၄:၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ- ဒုတိယနှစ် (ဓာတုဗေဒအထူးပြုများ) (ဓာတုဗေဒ)
၅:၀၀	၅။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅:၁၀	၆။	**၂၀၀၅ခုနှစ် တေးရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(မဟာဂီတ) (အခြေခံပညာအဆင့်) (အမျိုးသား/အမျိုးသမီး)**
၅:၂၀	၇။	ခံစားနားဆင်တေးဓာတ်ဝင်
၅:၃၀	၈။	အတီးပြိုင်ပွဲ
၅:၄၀	၉။	သားငါးဖွံ့ဖြိုးပြည့်အကျိုး
၅:၅၀	၁၀။	ဆိုကြမယ်၊ ပျော်ကြမယ်
၆:၁၅	၁၁။	**နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး" (အပိုင်း-၂၄)**
၆:၃၀	၁၂။	ညနေခင်းသတင်း
၇:၀၀	၁၃။	မိုးလေဝသအခြေအနေ
၇:၀၅	၁၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေးနီမလေး၏ ချစ်ပုံပြင်" (အပိုင်း -၂၄)**
၇:၃၅	၁၅။	ကြေးမုံရိပ်သွင်တေးနှယဉ်
၇:၄၅	၁၆။	ပညာဥယာဉ် လူတိုင်းအကျုံးဝင် ပွင့်သောပန်းတိုင်းမွှေးစေချင်
၈:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သောနေခြည်" (အပိုင်း-၁၄)**
	၂၁။	နောက်တစ်နေ့အစီအစဉ်
	၂၂။	အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံသည် ကျေးလက်နှင့်မြို့ပြ သဟာ
ရှေ့နိုင်ငံသစ်ကြီးဆီသို့ ပြောင်းလဲ တည်ဆေ

✿ ရှမ်းပြည်နယ်မှ

စံပြကျေးရွာ ပထမဆုရရှိသည့် ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် ပင်ဖြစ်ကျေးရွာ အမှတ်(၁) အခြေခံပညာမူလတန်းကျောင်းခန်းမ၌ ကျင်းပရာ စံပြကျေးရွာများမှ ရပ်မိ ရပ်ဖ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဓနု၊ ပလောင်၊ ပအိုဝ်းနှင့် ရှမ်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပထမဆုရ စံပြကျေးရွာမှ ပြည်သူလူထု အင်အား ၁၃၅၁ ဦးတို့ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ သဘာပတိ ရပ်စောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဟန်က အမှာစကားပြောရာတွင် စံပြကျေးရွာများထူထောင်ခြင်းသည် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း၏ နမူနာပြအားပေးရမည့် အစီအစဉ်တစ်ရပ်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်တွင် **"နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်တယ်ဆိုတာ မြို့တွေ ဖွံ့ဖြိုးတိုးတက်နေရုံနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်တယ် မမည်ကြောင်း၊ ကျေးရွာလူထု အများစုနေထိုင်တဲ့ ကျေးရွာတွေ ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံတော်တိုးတက်တယ်လို့ ဆိုနိုင်ကြောင်း၊ ဒါ့ကြောင့် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကြရမည်"**ဟု လမ်းညွှန်ထားကြောင်း၊ ယခုစံပြကျေးရွာ ထူထောင်ရေးအတွက် လုပ်ငန်းကဏ္ဍ ၁၅ ရပ် သတ်မှတ်ပြီး ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်မှ စံပြကျေးရွာအဖြစ် ရွေးချယ်ခံရကြောင်း၊ မိမိတို့ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် အစိုးရနှင့် ပြည်သူပူးပေါင်း ဆောင်ရွက်မှုမရှိပါက ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးနိုင်ကြောင်း။

ရပ်စောက်မြို့နယ်၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအခြေအနေကို လေ့လာလျှင် လူဦးရေ ၉၀၀၀၀ ကျော်နေထိုင်ပြီး စိုက်ပျိုးမြေ ၃၉၂၄၅ဧက၊ စိုက်ပျိုးရေရရှိရေးအတွက် ဆည် ၄၃ ခု တည်ဆောက်ခဲ့ရာ စိုက်ဧက ၁၅၃၈၀ တိုးချဲ့ရေပေးနိုင်ကြောင်း၊ ဆီထွက်သီးနှံစိုက်ဧက ၃၄၇၀ ရှိသည့်အတွက် ဒေသဝမ်းစာအပြင် စားသုံးဆီဖူလုံပိုလျှံကြောင်း။

စံပြကျေးရွာပြိုင်ပွဲ၌ ပထမဆု ရရှိသည့် ပင်ဖြစ်ကျေးရွာသည် လူဦးရေ ၄၄၅၃ ဦးရှိပြီး စပါး ၆၂၇၉ ဧက၊ ပြောင်း ဧက ၁၈၅၄၀ နှင့် သရက် ၄၁၉ ဧက ရှိကြောင်း၊ ပင်ဖြစ်ကျေးရွာလူထုသည် စီးပွားရေးကောင်းမွန်ပြီး ထွက်ကုန်သီးနှံများ ဒေသအနှံ့ တင်ပို့ရောင်းချနိုင်ကြောင်း၊ စံပြကျေးရွာပြိုင်ပွဲ၌ ကျေးရွာများသည် စိုက်ချိန်၊ ပျိုးချိန်ဖြစ်၍ လုပ်ငန်းတာဝန်များ မအားလပ်သည့်ကြားမှ စံပြကျေးရွာဖြစ်ရေးအတွက် အားတက်သရော စိတ်ပါ လက်ပါ ဆောင်ရွက်ခဲ့ကြကြောင်း။

ရပ်စောက်မြို့နယ် စံပြကျေးရွာများ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် သဘာပတိ ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဟန် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံသည် လူတစ်ဦးစီ၏ ဝင်ငွေအနေအထား၊ စီးပွားရေးဖွံ့ဖြိုးမှုနှုန်း၊ ကျေးလက်နေ ဆင်းရဲသားအချိုးအဆ၊ သက်ကြီးစာတတ်မြောက်မှုနှုန်း စသည့်အချက်များကို တိုင်းတာပြီး နိုင်ငံတကာနှင့်ယှဉ်ရာတွင် အလယ်အလတ်အနေအထားရှိနေကြောင်း။

မြန်မာနိုင်ငံသည် ကျေးလက်နှင့်မြို့ပြ သဟဇာတဖြစ်သည့် လူနေမှုအဆောက်အအုံကို တည်ဆောက်ထားနိုင်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် ကျေးလက်ကို အခြေခံကြောင်း၊ ကျေးလက် ဖွံ့ဖြိုးသာယာမှ မြို့ပြများဖွံ့ဖြိုးမည်ဖြစ်ပြီး မြို့ပြများဖွံ့ဖြိုးမှ နိုင်ငံတော်ကြီးဖွံ့ဖြိုးစည်ပင်မည်ဖြစ်ကြောင်း၊ ရှေ့နိုင်ငံသစ်ကြီးဆီသို့ ပြောင်းလဲတည်ဆောက်ရန် အခြေခံကောင်းများ အများအပြားရှိသည့်နိုင်ငံဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စံပြကျေးရွာများ ပြိုင်ပွဲတွင် အကဲဖြတ်အမှတ်ပေးဆောင်ရွက်ခဲ့ကြပုံများကို ရှင်းလင်းတင်ပြရာတွင် ရပ်စောက်မြို့နယ် ပညာရေးမှူး ဦးခင်မောင်ကိုက ပညာရေးနှင့်ပတ်သက်၍ စံပြကျေးရွာ ရွေးချယ်ရာ၌ ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးသန့်က ကျန်းမာရေးကဏ္ဍ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရပ်စောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် စံပြကျေးရွာများ ပြိုင်ပွဲ အကဲဖြတ်အဖွဲ့ အတွင်းရေးမှူး ဦးလင်းထင်အောင်က စံပြကျေးရွာ သတ်မှတ်ပေးနိုင်ရန် ကဏ္ဍ ၁၅ ရပ် အပေါ်အခြေခံ၍ ဆောင်ရွက်ခဲ့ပုံများကို ရှင်းလင်းတင်ပြသည်။

ရပ်စောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးမောင်မောင်လွင်က ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၆၀ ကို ပင်ဖြစ်စံပြကျေးရွာ အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ကြီး ဦးအောင်လွင်ထံ ပေးအပ်စဉ်။ (သတင်းစဉ်)

ရပ်စောက်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာ အဖွဲ့တို့က စာအုပ်၊ စာစောင် အုပ်ရေ ၃၀၀ ကို ယမ်းတွင်း ငါးကြောင်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘိုသိန်းထံပေးအပ်စဉ်။ (သတင်းစဉ်)

ဆုချီးမြှင့်

အစီအစဉ်အရ စံပြကျေးရွာများကို ဆုချီးမြှင့်ရာတွင် စံပြကျေးရွာဂုဏ်ပြုဆုရရှိကြသည့် ထင်းကွင်းကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းဖေ၊ ရှမ်းစုကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိုးနိုင်၊ ရတနာပုံကျေးရွာ အသင်းစည်းရုံးရေးမှူး ဦးစောဝင်း၊ စံပြကျေးရွာ တတိယဆု ရရှိသည့် လွယ်ကိုးကျေးရွာ အသင်းစည်းရုံးရေးမှူး ဦးသိန်းနိုင်၊ စံပြကျေးရွာ ဒုတိယဆုရရှိသည့် နောင်ခမ်းကျေးရွာ အသင်းစည်းရုံးရေးမှူး ဦးကျော်စွာ၊ စံပြကျေးရွာပထမဆုရရှိသည့် ပင်ဖြစ်ကျေးရွာ အသင်းစည်းရုံးရေးမှူး ဦးဝင်းမြင့်ဦးတို့အား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ရပ်စောက်မြို့နယ်အတွင်းမှ ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ရာ ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် နှစ်ဦးတို့အား တာဝန်ရှိသူ အသီးသီးက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် စံပြကျေးရွာများ ပြိုင်ပွဲတွင် ...
စံပြကျေးရွာများရှိ အခြေခံပညာကျောင်း...
မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေ...
ကျောင်းသုံး ဗလာစာအုပ်ဒါဇင် ၆၀ကို မြို့နယ်...
ဆောင် ဦးမောင်မောင်လွင်က ပေးအပ်လှူဒါ...

ဆက်လက်၍ ဆုရရှိသည့် စံပြ...
စာကြည့်တိုက်များအတွက် မြို့နယ် မိခ...
စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေး...
စာအုပ် စာစောင် အုပ်ရေ ၃၀၀ကို ပေးအပ်လှူ...

ယင်းနောက် စံပြကျေးရွာများ ပြိုင်ပွဲ...
ဆုရရှိသည့် ပင်ဖြစ်ကျေးရွာမှ ရပ်မိရပ်ဖမျ...
ဦးမြဆောင်က စံပြကျေးရွာဖြစ်ရေးအတွက...

ရှမ်းပြည်နယ် အထွေထွေရောဂါကု ...
အထူးကု ဆရာဝန်ကြီးနှင့် သမားတော်...
မျက်စိ၊ နား၊ နှာခေါင်း၊ သွားနှင့် အထွေ...
ဝေဒနာရှင်များအား အခမဲ့ ဆေးဝါးကုသ...
(...

ကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်ခဲ့ရပုံများကို ...
တင်ပြသည်။

ဆက်လက်၍ စံပြကျေးရွာ ဒုတိယ...
နောင်ခမ်းကျေးရွာမှ ဦးမျိုးလွင်က စံပြကျေး...
အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပုံကို ရှင်းလင်း...

ယင်းနောက် စံပြကျေးရွာ တတိယ...
လွယ်ကိုးကျေးရွာမှ ဦးအုံးဖေက စံပြကျေးရွာ...
ဆောင်ရွက်ခဲ့ပုံကို ရှင်းလင်းတင်ပြပြီး စံပြ...
ဆုချီးမြှင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သ...

အခမ်းအနားအပြီးတွင် ကျေးရွာကိုယ်စ...
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း...
အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များသည် ...
ကျေးရွာအတွင်း လှည့်လည်ကြည့်ရှု လေ့လ...

ပင်ဖြစ်စံပြကျေးရွာတွင် ပညာရေး၊ ...
ဆိုင်ရာ အဆောက်အအုံများ၊ လူမှုရေးအသင်း...

ရပ်စောက်မြို့နယ် စံပြကျေးရွာများ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် စံပြကျေးရွာ တတိယဆုရရှိသည့် ကျေးရွာအတွက် တာဝန်ရှိသူတစ်ဦးက ဆုချီးမြှင့်ရာ ကျေးရွာကိုယ်စားလှယ်တစ်ဦး လက်ခံယူစဉ်။ (သတင်းစဉ်)

ပင်ဖြစ်စံပြကျေးရွာတွင် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများ၊ လူမှုရေးအသင်းအဖွဲ့များ၏ အဆောက်အအုံများအပြင် ဆက်သွယ်ရေးကဏ္ဍတွင် တယ်လီဖုန်းနှင့် စာတိုက်၊ ကြေးနန်းများ ထားရှိကာ တယ်လီဖုန်းအလုံးပေါင်း ၁၅၀ တပ်ဆင်အသုံးပြုလျက်ရှိ။

ကျေးရွာလူငယ်များအတွက် အပန်းဖြေ ကစားနိုင်ရန် ကစားကွင်းများရှိပြီး ကျေးလက်ပြည်သူတို့ ဗဟုသုတ ရရှိစေရန် ဖွင့်လှစ်ထားသည့် အလင်းရောင် စာကြည့်တိုက်တွင် ကျေးရွာပြည်သူတို့ စာဖတ်ခြင်း၊ ရုပ်မြင်သံကြား အစီအစဉ်ကြည့်ရှုလေ့လာ အပန်းဖြေခြင်းများကို ပြုလုပ်လျက်ရှိ။

...နှင့်မြို့ပြ သဟဇာတဖြစ်သည့် လူနေမှုအဆောက်အအုံကို တည်ဆောက်ထားနိုင် ...င်းလဲ တည်ဆောက်ရန် အခြေခံကောင်းများ အများအပြားရှိသည့် နိုင်ငံဖြစ်



ထို့နောက် စံပြကျေးရွာများ ပြိုင်ပွဲတွင် ဆုရရှိသည့် စံပြကျေးရွာများရှိ အခြေခံပညာကျောင်းများအတွက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ကျောင်းသုံး ဗလာစာအုပ်ဒါဇင် ၆၀ကို မြို့နယ် အလုပ်အမှုဆောင် ဦးမောင်မောင်လွင်က ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဆုရရှိသည့် စံပြကျေးရွာများရှိ စာကြည့်တိုက်များအတွက် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က စာအုပ် စာစောင် အုပ်ရေ ၃၀၀ကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် စံပြကျေးရွာများ ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပင်ဖြစ်ကျေးရွာမှ ရပ်မိရပ်ဖများကိုယ်စား ဦးမြဆောင်က စံပြကျေးရွာဖြစ်ရေးအတွက် ဘက်စုံ အဆောက်အအုံများအပြင် ဆက်သွယ်ရေးကဏ္ဍတွင် တယ်လီဖုန်းနှင့် စာတိုက်၊ ကြေးနန်းများထားရှိကာ ပင်ဖြစ်ကျေးရွာ၌ တယ်လီဖုန်းအလုံးပေါင်း ၁၅၀ တပ်ဆင်အသုံးပြုလျက်ရှိကြောင်း၊ ကျေးရွာလူငယ်များအတွက် အပန်းဖြေကစားနိုင်ရန် ကစားကွင်းများရှိပြီး ကျေးလက် ပြည်သူတို့ ဗဟုသုတရရှိစေရန် ဖွင့်လှစ်ထားသည့် အလင်းရောင်စာကြည့်တိုက်တွင် ကျေးရွာပြည်သူတို့ စာဖတ်ခြင်း၊ ရုပ်မြင်သံကြား အစီအစဉ်ကြည့်ရှုလေ့လာ အပန်းဖြေခြင်းများကို ပြုလုပ်လျက်ရှိကြောင်း တွေ့ရှိရသည်။

ကျေးရွာပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် ကျေးရွာသုံး ထင်းစိုက်ခင်းများ စိုက်ပျိုးရေး၊ အင်းလေးကန်ရေရှည်ထိန်းသိမ်းရေးအတွက် သစ်တောစိုက်ခင်းများ နှစ်စဉ် စိုက်ပျိုးလျက်ရှိရာ ပင်ဖြစ်စံပြကျေးရွာ၌ ယခု ၂၀၀၅ ခုနှစ်တွင် သစ်ပင်၊ ပျိုးပင်ပေါင်း နှစ်သိန်းကျော် စိုက်ပျိုးလျက်ရှိကြောင်း သိရှိရသည်။

ပင်ဖြစ် စံပြကျေးရွာ ပါဝင်သည့် ယမ်းတွင်းငါးကြောင် ကျေးရွာအုပ်စုတွင် ပြည်သူလူထု၏ အဓိကစီးပွားရေး လုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်း၌ စပါး ၁၂၃၇၄ဧက၊ မြေပဲ ၄၇၆ ဧက၊ ပဲစင်းငုံဧက ၆၈၆၀၊ အစေ့ထုတ်ပြောင်း ၁၈၇၅၅ ဧက၊ ပန်းနှမ်းဧက ၅၄၆၀ နှင့် စားဖိုဆောင်သုံး ဟင်းသီးဟင်းရွက် သီးနှံများ စိုက်ပျိုးအောင်မြင်လျက်ရှိကြောင်း တွေ့ရှိရသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ပင်ဖြစ်ကျေးရွာ အလင်းရောင် စာကြည့်တိုက်တွင် ဗဟုသုတ ရှာမှီးနေသူများကို တွေ့ရစဉ်။ (သတင်းစဉ်)

နှစ်ရှည်ပင်များအဖြစ် သရက်ပင်များရှိပြီး စိုက်ဧက ၉၄၀ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိကြောင်းကို တွေ့ရှိရသည်။

စံပြကျေးရွာတိုင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အလားအလာကောင်းများအဖြစ် အချို့နေအိမ်များတွင် ဂြိုဟ်တုစလောင်းများတပ်ဆင်ပြီး ရုပ်မြင်သံကြားထုတ်လွှင့်ချက်များကို ကြည့်ရှုလေ့လာလျက်ရှိကြောင်း သိရှိရသည်။

စံပြကျေးရွာများ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပနေသည့် အချိန်နှင့် တစ်ပြိုင်တည်းမှာပင် ရှမ်းပြည်နယ် အထွေထွေရောဂါကု ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးနှင့် သမားတော်ကြီးများပါဝင်သောအဖွဲ့သည် ဒေသခံပြည်သူများအား အခမဲ့ဆေးကုသပေးခြင်း၊ ခွဲစိတ်ကုသပေးခြင်းများကို ဆောင်ရွက်ခဲ့ရာ စုစုပေါင်း ပြည်သူလူထု ၄၀၀ ကို ဆေးဝါးကုသပြီး ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ခဲ့သည်။

ပင်ဖြစ်စံပြကျေးရွာနှင့် ပြိုင်ပွဲဝင်စံပြကျေးရွာများ အပါအဝင် ပတ်ဝန်းကျင် ကျေးရွာများသည် ဥယျာဉ်ခြံကြီးများ၊ လယ်ယာစိုက်ခင်းကြီးများ၊ မွေးမြူရေးခြံများ ဖြစ်ထွန်းအောင်မြင်လျက်ရှိပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်းကြောင့် ကျေးရွာတိုင်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာကြောင်းကို မျက်ဝါးထင်ထင်တွေ့မြင်နေရပြီဖြစ်ပေသည်။ (သတင်းစဉ်)

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ပင်ဖြစ်ကျေးရွာ၌ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ အသင်းအဖွဲ့ဝင်များက အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးကြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် အထွေထွေရောဂါကု ဆေးရုံကြီးမှ အထူးကု ဆရာဝန်ကြီးနှင့် သမားတော်ကြီးများက မျက်စိ၊ နား၊ နှာခေါင်း၊ သွားနှင့် အထွေထွေ ရောဂါဝေဒနာရှင်များအား အခမဲ့ ဆေးဝါးကုသပေးကြစဉ်။ (သတင်းစဉ်)

ကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်ခဲ့ရပုံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စံပြကျေးရွာ ဒုတိယဆုရရှိသည့် နောင်ခမ်းကျေးရွာမှ ဦးမျိုးလွင်က စံပြကျေးရွာ ဖြစ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပုံကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် စံပြကျေးရွာ တတိယဆုရရှိသည့် လွယ်ကိုးကျေးရွာမှ ဦးအုံးဖေက စံပြကျေးရွာဆု ရရှိအောင်ဆောင်ရွက်ခဲ့ပုံကို ရှင်းလင်းတင်ပြပြီး စံပြကျေးရွာများ ဆုချီးမြှင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ကျေးရွာကိုယ်စားလှယ်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များသည် ပင်ဖြစ်စံပြကျေးရွာအတွင်း လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ပင်ဖြစ်စံပြကျေးရွာတွင် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများ၊ လူမှုရေးအသင်းအဖွဲ့များ၏

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ပင်ဖြစ်ကျေးရွာ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ အသင်းအဖွဲ့ဝင်များက ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးကြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် အထွေထွေရောဂါကု ဆေးရုံကြီးမှ အထူးကု ဆရာဝန်ကြီးနှင့် သမားတော်ကြီးများက မျက်စိ၊ နား၊ နှာခေါင်း၊ သွားနှင့် အထွေထွေ ရောဂါဝေဒနာရှင်များအား အခမဲ့ ဆေးဝါးကုသပေးကြစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးအောင်သောင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ စက်မှုဇုန်အမှတ်(၂)ရှိ စက်ရုံများ ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၉

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် တာဝန်ရှိသူများနှင့်အတူစက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စက်မှုဇုန်အမှတ်(၂)ရှိ မိဘမေတ္တာဒိုင်နမိုနှင့် လျှပ်စစ်ပစ္စည်းစက်ရုံသို့ရောက်ရှိပြီး ထုတ်လုပ်ပြီး (2KVA)လျှပ်စစ်မီးစက်များကိုလည်းကောင်း၊ လျှပ်စစ် မီးစက်ထုတ်လုပ်ရာတွင် အသုံးပြုသော စက်အရန်ပစ္စည်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအယ်မော်ရှန်းက ဝန်ကြီးဌာနရှိ စက်ရုံစီမံကိန်းများတွင် လေအားလျှပ်စစ်ထုတ်စက်များကို တပ်ဆင်အသုံးပြု သွားရန်၊ လိုအပ်သော လေအားလျှပ်စစ် ထုတ်စက်ငယ်များကို ထုတ်လုပ်ပေးနိုင်ရန်နှင့် လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲရေးနည်းလမ်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ကြည့်ရှု

ထိုမှတစ်ဆင့် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဦးအောင်သောင်းသည် အဆိုပါ စက်မှုဇုန်ရှိ မင်းမဟာစက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်၏ Sunlight Fibreglass စက်ရုံသို့ ရောက်ရှိပြီး ဖိုင်ဘာဖြင့် ထုတ်လုပ်သော ရေတိုင်ကီများကိုလည်းကောင်း၊ လေပန်ကာထုတ်လုပ်မည့် ဖိုင်ဘာဒလက် ထုတ်လုပ်သည့် အခြေအနေများကို လည်းကောင်း၊ ပြုလုပ်ပြီး ဖိုင်ဘာရုပ်ပြေး ရေယာဉ်ငယ်များကိုလည်းကောင်း၊ အသုံးအဆောင်ပစ္စည်းများကို လည်းကောင်း ကြည့်ရှုသည်။ (သတင်းစဉ်)

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စက်မှုဇုန်အမှတ်(၂)ရှိ မိဘမေတ္တာဒိုင်နမိုနှင့် လျှပ်စစ်ပစ္စည်းစက်ရုံမှ ထုတ်လုပ်သော စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

ရွာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးလုပ်ငန်း ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် စက်တင်ဘာ ၁၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၁၈ရက်တွင် ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း၏ စစ်ကိုင်းဘက်ကမ်း၌ ချဉ်းကပ်လမ်းမြေကြီးလုပ်ငန်းနှင့် တံတားငယ်များဆောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး စစ်ကိုင်းဘက်ကမ်း စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ရှင်းလင်းဆောင်၌ စစ်ကိုင်းဘက်ကမ်း တံတား တည်ဆောက်ရေးစီမံကိန်း တာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဆန်းဝင်းက စစ်ကိုင်းဘက်ကမ်း တံတားချဉ်းကပ်လမ်း ဆောင်ရွက်နေမှု၊ ရေလယ်တိုင် အမှတ်(၅)မှ သံမဏိ သံပေါင်ခုံးများကို သံပေါင်ဆင်ခုံး တက်ကရိန်းနှစ်စင်းဖြင့် စစ်ကိုင်းဘက်နှင့် မန္တလေးဘက်များသို့ တစ်ပြိုင်တည်း တပ်ဆင်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဝန်ကြီးအား ရှင်းလင်းတင်ပြသည်။

ပထမဆုံးတံတား

ဝန်ကြီးက ယခုတပ်ဆင်သည့် သံပေါင်ခုံးတံတားမျိုးမှာ ယခင်ဆောင်ရွက်ခဲ့သည့် သံပေါင်တံတားများကဲ့သို့မဟုတ်ဘဲ နည်းစနစ်သစ်ဖြင့် ချိန်သားကိုက်ညီစွာ ဆောင်ရွက်ရသော ပထမဆုံးဆောင်ရွက်သည့် သံမဏိ သံပေါင်ခုံးတံတားဖြစ်၍ အဆောတလျင် ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ အမှားအယွင်းမရှိအောင် အဘက်ဘက်မှ ဂရုစိုက်၍ ဘေးအန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်ကြရန် မှာကြားပြီး လုပ်ငန်း လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ဆက်လက်ထွက်ခွာခဲ့ရာ မန္တလေးဘက်ကမ်းရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

တံတားချဉ်းကပ်လမ်း

စီမံကိန်းရှင်းလင်းဆောင်၌ မန္တလေးဘက်ကမ်း တံတားစီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဌေးမြင့်က တံတားချဉ်းကပ်လမ်းများ ဆောင်ရွက်ထားရှိမှု၊ တံတားသံပေါင်ခုံးများ တပ်ဆင်နိုင်ရန် ယာယီ အထမ်းဒေါက်တိုင်လုပ်ငန်းများ ကြိုတင်ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးက မန္တလေးဘက်ကမ်း ချဉ်းကပ်လမ်း ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးကာ တင်ပြချက်များအပေါ် လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

အရှည် ၅၆၁၄ပေ

ဧရာဝတီတံတား(ရတနာပုံ)မှာ ပင်မသံပေါင်တံတား ၃၆၉၄ပေ၊ မန္တလေးဘက်ကမ်း သံကူကွန်ကရစ် ချဉ်းကပ်တံတားပေ ၁၁၄ဝနှင့် စစ်ကိုင်းဘက်ကမ်း ပေ ၇၈ဝရှိပြီး စုစုပေါင်းတံတားအရှည် ၅၆၁၄ပေရှိသည်။ ၄၉ပေ အကျယ် လေးလမ်းသွားကားလမ်းနှင့် တစ်ဖက်လျှင် ခြောက်ပေစီ အကျယ် လူသွားလမ်းပါရှိသော တံတားဖြစ်ပြီး ခွင့်ပြုယာဉ်အလေးချိန်မှာ ယာဉ်တစ်စီးချင်း တန် ၆ဝ ဖြစ်သည်။

တပ်ဆင်ပြီး

ယခုအခါ ပင်မတံတားသံပေါင် တပ်ဆင်ခြင်းတွင် ၃၆၇ ဒသမ ၅ပေရှိ အခန်းလေးခန်းအားလုံး တပ်ဆင်ပြီးစီးလျက် ၇၃၅ ပေရှိ သံပေါင်ခုံးတံတား သုံးခန်းတွင် အခန်းငယ် ၈၄ခန်းရှိရာ ယခုအခါ ၂၁ခန်း တပ်ဆင်ပြီးဖြစ်၍ ကျန်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပြိုင်ပွဲများ ဆက်လက်ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၉

၂၀၀၅ခုနှစ် (၂၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလားအသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေပိုင်းတွင် သတ်မှတ်ထားသော ပြည်နယ်နှင့် တိုင်းဇုန်များ၌ ဆက်လက်ကျင်းပသည်။

(က)အုပ်စု ရတခဇုန်(မော်လမြိုင်) ရာမညအားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (ခ)အုပ်စု နတခဇုန်(ပုသိမ်)အားကစားကွင်း၌ကျင်းပသော ပြိုင်ပွဲတွင် အမှတ်(၁၁)ခြေမြန် တပ်မဌာနချုပ်အသင်းက အမှတ်(၁၀၁)ခြေမြန်တပ်မဌာနချုပ်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန်(မုံရွာ)အားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ်အသင်းကို ၁၂ဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ (ဃ)အုပ်စု လပခဇုန်(မန္တလေး) ဗထူးအားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ (င)အုပ်စု တပခဇုန် (တောင်ငူ)အားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ်အသင်းက တြိဂံဒေသတိုင်းစစ်ဌာနချုပ်အသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိသွားသည်။ (သတင်းစဉ်)

သင်တန်းတက်ရောက်ရန် ဂျပန်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၉

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း အလုပ်အမှုဆောင် ဒေါ်ကြည်ကြည်ငြိမ်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှအသင်းဝင် ဦးရဲသီဟတို့သည် ဂျပန်နိုင်ငံ ဆူဇူကာမြို့၌ ယနေ့မှ နိုဝင်ဘာ ၁၄ရက်အထိ ကျင်းပမည့် 38th IATSS Forum Programme သို့ တက်ရောက်ရန် စက်တင်ဘာ ၁၈ရက်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာသွားကြရာ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အကြံပေးပုဂ္ဂိုလ် ဒေါ်ရီရီမြင့်၊ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)** (သတင်းစဉ်)

စန္ဒီမာပညာရည်ချွန်ဆုနှင်းပွဲအတွက် ငွေလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၉

(၁၆)ကြိမ်မြောက် စန္ဒီမာ ပညာရည်ချွန်ဆုနှင်းပွဲ အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၁၁ ရက်က မရမ်းကုန်းမြို့နယ် အမက(၂) ကျောင်းခန်းမဆောင်တွင် ကျင်းပသည်။

အခမ်းအနားတွင် ဆုချီးမြှင့်ပွဲကျင်းပရေးကော်မတီ နာယက ကျောင်းအုပ် ဆရာကြီး (ငြိမ်း) ဦးမြင့်ဆွေနှင့် ဥက္ကဋ္ဌ ဦးထွန်းအောင် (မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အတွင်းရေးမှူး) တို့က အမှာစကားပြောကြားကာ ဥက္ကဋ္ဌ ဦးထွန်းအောင် မိသားစုက အလှူငွေကျပ် တစ်သိန်း၊ နာယက ဦးမြင့်ဆွေ (ပညာရွှေရောင်ကွန်ပျူတာနှင့် စာစီလုပ်ငန်း) မိသားစု **(ယာပုံ)** က ငွေကျပ် ငါးသောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးမင်းစိန် (တရားရုံးချုပ်ရှေ့နေ) မိသားစုက ငွေကျပ် ငါးသောင်း၊ ဒေါ်သန်းနု (ဒေါ်နု မိသားစု အလှူပစ္စည်းမျိုးစုံ ငှားရမ်းရေးလုပ်ငန်း)က ငွေကျပ်ငါးသောင်း အပါအဝင်အလှူရှင် ၂၂ဦးတို့က အလှူငွေကျပ်ခြောက်သိန်း လှူဒါန်းကြသည်။

ပညာရည်ချွန်ဆုနှင်းပွဲကို အောက်တိုဘာ ၈ရက်တွင် ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဦးထွန်းအောင် ဖုန်း-၀၉-၈၀-၃၀၁၁၂၊ ဒေါ်ခင်မြင့် ဖုန်း-၆၆၄၀၅၃၊ ဦးစိန်ဝင်း ဖုန်း-၀၉-၅၀၂-၀၃၀၆၊ ဦးတင်ဝင်း ဖုန်း-၆၆၇၅၁၁၊ဦးမြတ်ထွန်း ဖုန်း-၆၆၂၀၁၅၊ ဦးကျင်စိုး ဖုန်း-၆၆၂၀၂၉၊ ဒေါ်ခင်မြ ဖုန်း-၆၅၁၅၈၉တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (၄၅)

မိုင်းနောင်မြို့၌ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီးကြပ်ရေးအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် လွိုင်လင်ခရိုင် မိုင်းနောင်မြို့ မိုင်းနောင်တပ်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲတို့ ပူးပေါင်းကျင်းပသည့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားကို စက်တင်ဘာ ၇ ရက် နံနက် ၈နာရီခွဲတွင် မိုင်းနောင်မြို့ စုပေါင်းရုံးခန်းမနှင့် ပြည်သူ့ဆေးရုံတို့၌ ကျင်းပသည်။

ရှေးဦးစွာ မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးချုပ်သောင်းအေးက အမှာစကားပြောကြားပြီး ဗိုလ်မှူးချုပ်သောင်းအေးနှင့် ဇနီး ဒေါ်သင်းမျိုးမျိုးအောင်တို့က မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းခွဲအတွက် ငွေပဒေသာပင်စိုက်ထူရန် အလှူငွေ ကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်း၍ သက်ကြီး အဘိုး အဘွား ၄၀တို့အား အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ပြည်သူ့ဆေးရုံ၌ အာဟာရချက်ပြုတ်နည်း သရုပ်ပြဟောပြောခြင်း၊ ကလေးငယ် ၆၈ဦးတို့အား ကိုယ်အလေးချိန်နှင့် ကျန်းမာရေးဆေးစစ်ခြင်း၊ ဗီတာမင်အေ တိုက်ကျွေးခြင်း၊ အာဟာရတိုက်ကျွေးခြင်းများ ဆောင်ရွက်ကြပြီး အသင်းခွဲ ဥက္ကဋ္ဌ ဒေါ်သင်းမျိုးမျိုး အောင်က မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းခွဲ ကျန်းမာရေးဌာနသို့ ငွေကျပ် ၁၀၀၀၀ကို ပေးအပ်လှူဒါန်း၍ တက်ရောက်သူများအား အိုင်အိုဒင်းဆားများ ပေးဝေသည်။ (သတင်းစဉ်)

ဉာဏ်ရည်ပြည့်သူအားလုံး ပညာသင်ယူခွင့်ရရှိစေခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဦးတည် ရွှေ့လျားကျောင်းများဖွင့်လှစ်၊ သက်ကြီးစာဖတ်ရှုမြှင့်တင်၊ ကိုယ်အင်္ဂါချို့တဲ့သောကလေးများအား ပညာသင်ကြား

● **ရောဝတီတိုင်းမှ**

ပညာရေးဝန်ကြီးဌာန၏ လူတိုင်းအကျုံးဝင်ပညာရေး (Inclusive Education) အစီအစဉ်အရ ပညာသင်နေကြသော မသန်စွမ်းကျောင်းသူ မမေဇင်အောင်၏ ပညာသင်ယူမှု တိုးတက်မှုအခြေအနေနှင့် ခြေမနှင့်ခြေညှိုးကို အသုံးပြု၍ ဇာထိုးပန်းထိုးခြင်း၊ ပန်းချီဆွဲခြင်းတို့ကိုကြည့်ရှုအားပေးပြီး ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ မြောင်းမြခရိုင် အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင်နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အလုပ်အမှုဆောင်တို့က လစဉ်ထောက်ပံ့နေကျ ပညာသင်ထောက်ပံ့ကြေးများကို ပေးအပ်ကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် မြောင်းမြခရိုင် အမျိုးသမီးရေးရာအဖွဲ့တို့က မြောင်းမြမြို့ လူငယ်ဖွံ့ဖြိုးရေး ပရဟိတ ဂေဟာမှူးထံ ဗဟုသုတစာအုပ်မျိုးစုံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လှည့်လည်ကြည့်ရှု

ထို့နောက် မြောင်းမြမြို့ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာသို့ ရောက်ရှိကြ၍ ဗဟုသုတစာအုပ်မျိုးစုံကို ဂေဟာမှူး ဦးဝင်းကြည်ထံ ပေးအပ်လှူဒါန်းကြပြီး ဂေဟာမှူးက ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ ရှမ်းတိုင်းရင်းသားကျောင်းသား ၄၃ဦးတို့အား စာပေသင်ကြားပြုစုပျိုးထောင်ပေးနေမှု အခြေအနေ၊ ဒေသအာဏာပိုင်၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင် အလှူရှင်များ၏ ထောက်ပံ့လှူဒါန်းမှု အခြေအနေများကို ရှင်းလင်းတင်ပြကာ တိုင်း၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များ၏ ကျောင်းဝတ်စုံများနှင့် စာရေးကိရိယာများ ထောက်ပံ့မှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အာဟာရကျွေးမွေးထောက်ပံ့နေမှုများကို ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ အမျိုးသမီးရေးရာ အဖွဲ့ဝင်များသည် ဂေဟာအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် မြောင်းမြမြို့ အမှတ်(၁၀) နယ်မြေ ဦးပိတ်ကုန်းရပ်ကွက်ရှိ စိတ္တသုခ ဘုန်းတော်ကြီးသင် မူလတန်းကျောင်းသို့ရောက်ရှိကြပြီး ဘုန်းတော်ကြီးသင်ကျောင်း၌ စေတနာဖြင့် ပညာဒါနပြု သင်ကြားပေးလျက်ရှိသော အမျိုးသမီးရေးရာအဖွဲ့ဝင် ဆရာမလေးများအားတွေ့ဆုံရာ ဆရာမလေးများက ကျောင်း၏ ပညာသင်ကြားနေမှု အခြေအနေများကို ရှင်းလင်းပြကြသည်။ ဆက်လက်၍ အမျိုးသမီးရေးရာအဖွဲ့ဝင်များက ပညာသင်ထောက်ပံ့ငွေ၊ ကျောင်းဝတ်စုံ၊ စာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းကြပြီး စိတ္တသုခကျောင်းဆရာတော် ဘဒ္ဒန္တ ဓမ္မ နန္ဒအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ရောဝတီတိုင်း ဒေသစည်းရုံးရေးမှူး ဒေါက်တာဒေါ်လှဒါနီချိန်နှင့် ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌတို့ မြောင်းမြမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် မသန်စွမ်းကျောင်းသူ မမေဇင်အောင်၏ ပညာသင်ယူနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ယင်းနောက် အမျိုးသမီးရေးရာအဖွဲ့ဝင်များ သည် လေးအိမ်တန်းကျေးရွာရှိ တစ်နှစ်သုံးသီးစနစ်ဖြင့် စိုက်ပျိုးထားသော မိုးစပါးဧက ၂၀စိုက်ကွင်း၌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းခွင်မပျက် စာဖတ်ရှုမြှင့်တင်နေမှုအခြေအနေများကို ရင်းရင်းနှီးနှီးကြည့်ရှုအားပေးကြပြီး နေ့စဉ်ထုတ်သတင်းစာများ၊ ဗလာစာအုပ်များနှင့် ပညာသင်ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် ပမ္မဝတီမြစ်ကူးတံတား စီမံကိန်း(မြင်းကဆိပ်) လုပ်ငန်းခွင်ရှိ ဆောက်လုပ်ရေးလုပ်သားများ၏ ကျောင်းနေအရွယ် သားသမီးများ "အစဉ်အမြဲ ပြောင်းရွှေ့နေထိုင်ရသူ မိသားစုဝင်များ"အတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသော ကျုံသွတ် ဇက်ဆိပ်ရွှေ့လျားကျောင်း (Mobile School) သို့ ရောက်ရှိကြပြီး ကျောင်းသား၊ ကျောင်းသူများအတွက် စာအုပ်နှင့် စာရေးကိရိယာများ၊ လွယ်အိတ်များနှင့် ကျောင်းဝတ်စုံများကို ပေးအပ်လှူဒါန်းကြသည်။ ယင်းနောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခိုင်ညိုဦးက ရွှေ့လျားကျောင်းနှင့်စပ်လျဉ်း၍ ပညာသင်ကြားရန် ဉာဏ်ရည်ဉာဏ်သွေးပြည့်စုံသူအားလုံး ပညာသင်ယူခွင့်ရရှိစေခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ်တိုးတက်ဖွံ့ဖြိုးရေးကို ဦးတည်ဆောင်ရွက်သည့်အစီအစဉ်များအဖြစ် ရွှေ့လျားကျောင်းများ ဖွင့်လှစ်ခြင်း၊ သက်ကြီးစာဖတ်ရှုမြှင့်တင်ခြင်းနှင့် မွေးရာပါကိုယ်အင်္ဂါချို့တဲ့သော ကလေးများအားကျောင်းပညာသင်ကြားပေးခြင်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ထိုမှတစ်ဆင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ရောဝတီတိုင်း ဒေသစည်းရုံးရေးမှူး၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့သည် ညနေပိုင်းတွင် မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ် အင်းမစံပြကျေးရွာသို့ရောက်ရှိကြ၍ မအူပင်ခရိုင် ခုတင် ၂၀၀ဆံ့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာသိန်းဝေ ဦးဆောင်သည့် အထူးကုဆရာဝန်ကြီးများအဖွဲ့က ပန်းတနော်မြို့နယ် ကျေးရွာ အုပ်စု ၁၅အုပ်စုရှိ ကျေးရွာ ၇၅ရွာမှ လူနာ ၁၄၃၅ဦးတို့အား ကွင်းဆင်းကုသပေးနေမှုများကို ကြည့်ရှုကြပြီး ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးကျော်နှင့်အဖွဲ့က လူနာများအတွက် ဆေးကုသစရိတ်ငွေ ကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာသိန်းဝေနှင့် အထူးကု ဆရာဝန်ကြီးများက လက်ခံကာ ကျေးဇူးတင်စကား ပြောကြားကြသည်။

ထို့နောက် တိုက်နယ်ဆေးရုံအတွင်း မျက်စိလူနာများအား မျက်စိဆရာဝန်ကြီးက ကုသပေးနေမှုကိုကြည့်ရှုအားပေးပြီး မျက်စိလူနာများအား မျက်မှန်များကို တပ်ဆင်ပေးသည်။

အခမဲ့ဆေးကုသ

တိုင်း အမျိုးသမီးရေးရာ အဖွဲ့က လှူဒါန်းသောဆေးများဖြင့် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက လူနာများအား အခမဲ့ဆေးကုသပေးရာတွင် ပါဝင်ကူညီဆောင်ရွက်ပေးကြသည်။

အင်းမ စံပြကျေးရွာသည် မအူပင်ခရိုင် ပန်းတနော်မြို့နယ် ရန်ကုန်-ပုသိမ်ကားလမ်းပေါ်၌ တည်ရှိပြီး ကုန်းလမ်းနှင့်ရေလမ်းနှစ်သွယ် ကုန်စည်စီးဆင်းမှုအချက်အချာကျသောနေရာ၌ တည်ရှိကာ အိမ်ခြေ ကိုးရာကျော်ရှိ ရွာကြီးတစ်ရွာဖြစ်သည်။ ယင်းစံပြကျေးရွာ၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကြောင့် လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်လာနေကြောင်း၊ အင်းမစံပြကျေးရွာ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ကျေးရွာအမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့အစရှိသော လူမှုရေးအသင်းအဖွဲ့များကို စနစ်တကျဖွဲ့စည်းထားပြီး အမျိုးသမီးရေးရာ အဖွဲ့ဝင်အင်အား သုံးရာကျော်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

(၁၄)ကြိမ်မြောက် နိုင်ငံတကာပေးစာရေးပြိုင်ပွဲ ဆုရရှိသူများစာရင်း ကြေညာ

ရန်ကုန် စက်တင်ဘာ ၁၉

ယူပီယူနှင့် ယူနက်စကိုတို့၏အစီအစဉ်အရ ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ်အဖြစ် ၂၀၀၅ခုနှစ် (၃၄)ကြိမ်မြောက် အသက်(၁၅)နှစ်နှင့်အောက် လူငယ်များ၏ နိုင်ငံတကာပေးစာရေးပြိုင်ပွဲကို (A letter to my favourite fairytale character) ခေါင်းစဉ်ဖြင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ၂၀၀၄ ခုနှစ် နိုဝင်ဘာ ၁၃ရက်တွင် မြန်မာပြည်တစ်ဝန်းလုံးရှိ သတ်မှတ်ထားသော အခြေခံပညာကျောင်းများ၌ မြို့နယ်အလိုက်ကျင်းပခဲ့ရာ ပြည်တွင်းအဆင့်တွင် ပထမဆုကို မောင်ကောင်းစည်သူ သတ္တမတန်း အထက(၂)ရန်ကင်းက လည်းကောင်း၊ ဒုတိယဆုကို မဇွန်ဦးလှိုင် သတ္တမတန်း အလက-ညောင်လေးပင်က လည်းကောင်း၊ တတိယဆုကို မအိမ့်ဟန်နီထွန်း သတ္တမတန်း အထက(၁)ဘိုကလေးက လည်းကောင်း၊ နှစ်သိမ့်ဆုကို မရတနာလင်း အဋ္ဌမတန်း အထက(၂)လမ်းမတော်၊ မနန်းခမ်းမွန်ဦး အဋ္ဌမတန်း အထက မိုင်းပျဉ်းနှင့် မသင်းနုအောင် အဋ္ဌမတန်း အထက(၂) ဗန်းမော်တို့က လည်းကောင်း၊ အထူးဆုကို မနန်းထားထားချို အဋ္ဌမတန်း အထက(၁)လှိုင်ကော်နှင့် မဆုရည်မွန်စိုး သတ္တမတန်း အထက(၁) ဘိုကလေးတို့ကလည်းကောင်း အသီးသီးရရှိကြသည်။ ပြည်တွင်းအဆင့်တွင် ပထမဆုရရှိသည့် မောင်ကောင်းစည်သူ၏ ပေးစာရေးစာမူကို နိုင်ငံတကာအဆင့်တွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ဆွစ်ဇာလန်နိုင်ငံရှိ ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (ယူပီယူ)သို့ ပေးပို့ထားသည်။

ဆုရသူများအား အောက်တိုဘာ ၉ရက်တွင် ကျင်းပမည့် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ် အခမ်းအနား၌ ဆုချီးမြှင့်မည်ဖြစ်သဖြင့် ဆုရရှိသူများသည် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန အကွက်(၆၈)ရောဝဏ်လမ်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ရန်ကုန်မြို့သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၅၉၁၃၈၂၊ ၅၉၁၃၈၆ နှင့် ၅၉၁၃၉၀ တို့သို့ ဖြစ်စေ သတင်းပို့ဆက်သွယ်ရန်ဖြစ်သည်။ (သတင်းစဉ်)

စက်တင်ဘာလ တတိယ(၁၀)ရက်ပတ် မိုးလေဝသခန့်မှန်းချက်

ရန်ကုန် စက်တင်ဘာ ၁၉

အနောက်တောင် မုတ်သုံလေသည် မြန်မာနိုင်ငံ တောင်ပိုင်းဒေသများမှ ဆုတ်ခွာဖွယ်ရာရှိသည်။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်။

မိုးအခြေအနေများမှာ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ရောဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ရွာသွန်းမြဲထက်ပိုပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ရွာသွန်းမြဲခန့်ရွာမည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၉-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၅	၅။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။ မျိုးချစ်တပ်မတော်
၅:၀၀	၈။ **အဝေးသင်တက္ကသိုလ်ပညာရေး ပို့ချမှုအစီအစဉ်** - **Marketing** (ပထမနှစ်-စီးပွားရေးပညာ)
၅:၂၅	၉။ ပညာခေတ်
၅:၄၅	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ မိုးလေဝသသတင်း
၆:၂၅	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်အဝိပ္ပာယ်လေးတော့ အမျိုးမျိုးဖွင့်ကြပါလိမ့်မယ်" (အပိုင်း-၁၉)**
၈:၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။ ကျန်းမာသုတ
	၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရေဆန်စား" (အပိုင်း-၈)**
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ။

ရန်ကုန်အနောက်ပိုင်းခရိုင် တီဘီရောဂါတိုက်ဖျက်ရေးလှုပ်ရှားမှုအခမ်းအနားကျင်းပ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်ချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၁၉

ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းတွင် ဆေးသောက်ပျက်ကွက်သူများလျော့နည်းရေးအတွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက DOTS နည်းဗျူဟာဖြင့် ပါဝင်ဆောင်ရွက်ခြင်း လှုပ်ရှားမှုအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမြညီလာခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ကျန်းမာရေး ဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်တို့ တက်ရောက်အားပေးချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်နှင့် ဦးစီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆုများချီးမြှင့်

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန် အနောက်ပိုင်းခရိုင်အတွင်း တီဘီရောဂါတိုက်ဖျက်ရေး အကောင်းဆုံး DOTS Provider ပထမဆုရ တောင်ဥက္ကလာပမြို့နယ်၊ ဒုတိယဆုရ ဗိုလ်တထောင်မြို့နယ်နှင့် တတိယဆုရ ဒေါပုံမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်က တီဘီရောဂါတိုက်ဖျက်ရေး အထွေထွေဗဟုသုတ ဉာဏ်စမ်းပြိုင်ပွဲ ပထမဆုရ ဒေါ်ပြည်အေးကြည်၊ ဒုတိယဆုရ ဒေါ်အိမ်လှနန်းနှင့် တတိယဆုရ ဒေါ်မေလှမြိုင်တို့အား ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နီနီစိန်က ရန်ကုန်အနောက်ပိုင်း ခရိုင်အတွင်းရှိ မြို့နယ်များမှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ ၉၇၃စောင်ကို ရန်ကုန်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးထံ ပေးအပ်သည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ရန်ကုန်အနောက်ပိုင်း ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာဖေဝင်းက တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းတွင် ရန်ကုန် အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များက DOTS နည်းဗျူဟာဖြင့် ပါဝင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ ကျန်းမာရေး ဝန်ကြီးဌာန တီဘီရောဂါတိုက်ဖျက်ရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဝင်းမောင်က တီဘီရောဂါနှင့် ပတ်သက်သည့် သိကောင်းစရာများကိုလည်းကောင်း၊ ရန်ကုန်တိုင်း တီဘီရောဂါကုဆရာဝန်ကြီး ဒေါက်တာမျိုးဇော်က ရန်ကုန်တိုင်းအတွင်း တီဘီရောဂါ ဖြစ်ပွားမှုနှုန်းနှင့် ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေကို လည်းကောင်းရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာဖေဝင်းက တီဘီရောဂါ တိုက်ဖျက်ရေးနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားကြသည့် ဆရာဝန်ကြီးများ အား အမှတ်တရ ဂုဏ်ပြုလက်ဆောင် များပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ကျန်းမာရေးဝန်ကြီး ဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ပြသထားသည့် တီဘီရောဂါ တိုက်ဖျက် ရေးနှင့် ကုသရေးဆိုင်ရာ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ ပိုစတာများနှင့် စာအုပ်စာတမ်းများကို ကြည့်ရှုအားပေး ကြသည်။ (သတင်းစဉ်)

ပေးအပ်ချီးမြှင့်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်း တီဘီရောဂါ တိုက်ဖျက်ရေး အကောင်းဆုံး DOTS Provider ဆု ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)





တွေ့ဆုံမှာကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး မန္တလေးတိုင်း ညောင်ဦးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးတွင် ခရိုင်နှင့် မြို့နယ်အလုပ်အမှုဆောင်များ၊ အသင်းဝင်များအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။
(လယ်ယာ/ဆည်မြောင်း)

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ တောင်သူကုန်းရပ်ကွက် အမှတ်(၄၉) အခြေခံပညာ မူလတန်းကျောင်း ရောင်နီဦး ကျောင်းစာကြည့်တိုက် ခန်းမတွင် စက်တင်ဘာ ၁၄ ရက်က နယ်လှည့်စာကြည့်တိုက်၊ စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရာ မြို့နယ်ဦးစီးမှူးဒေါ်ခင်နှင်းကြည်က ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြူခင်သို့ စာအုပ်များပေးအပ်လှူဒါန်းစဉ်။ (ခရိုင်ပြန်/ဆက်)

အသင်းကြီး၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ပြည်သူ့အကျိုးပြုလုပ်ငန်းများ နယ်မြေလူထုနှင့် လက်တွဲဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် စက်တင်ဘာ ၁၆ရက် ညပိုင်းတွင်မန္တလေးတိုင်း ညောင်ဦးမြို့ ညောင်ဦးခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ခရိုင်နှင့် မြို့နယ်အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ညောင်ဦးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဌေးလွင်က အသင်းအနေဖြင့် ဒေသအတွင်းရှိ လူထု၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်ရန် ပြည်သူလူထုနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သော အကျိုးပြုလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆုချီးမြှင့်

စက်တင်ဘာ ၁၁ ရက်က ကျင်းပသည့် မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မိဘ၊ ဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုချီးမြှင့်ပွဲတွင် ကျောင်း အကျိုးတော်ဆောင်အဖွဲ့ဝင်ဒေါက်တာဝင်းဇော်က တက္ကသိုလ်ဝင်တန်း၌ ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ မောင်သော်သူရိန်အား ရွှေတံဆိပ်နှင့် ဆုချီးမြှင့်စဉ်။
(ကြေးမုံ)



မှာကြား

ထို့နောက် အထွေထွေအတွင်းရေးမှူး ဝန်ကြီးက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် နိုင်ငံတော်အတွက် အမျိုးသားရေးတာဝန်ကို ထမ်းဆောင်ကြမည့် အမျိုးသားအင်အားစုကြီးဖြစ်ကြောင်း၊ အသင်းဝင်များအနေဖြင့် ယုံကြည်ချက်၊ ခံယူချက်မှန်ကန် ထက်မြက်ရှင်သန်အောင် ဆောင်ရွက်ကြရန်လိုသကဲ့သို့ အသင်းကြီး၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးရေး အခြေခံလုပ်ငန်းတာဝန်ကြီး(၅)ရပ်အပါအဝင် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို နယ်မြေလူထုနှင့် လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်သွားကြရန် မှာကြားသည်။
(သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့်ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Li Jinjunဝန်ကြီး၏ ညှိခန်းမ၌ လာရောက်တွေ့ဆုံစဉ်။ (နယ်စပ်/စည်ပင်)

နယ်စပ်/စည်ပင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား အိန္ဒိယသံအမတ်ကြီးနှင့် တရုတ်သံအမတ်ကြီးတွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၁၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Bhaskar Kumar Mitra သည် ယနေ့ညနေ ၃ နာရီတွင် ဝန်ကြီး၏ ညှိခန်းမ၌ လာရောက်တွေ့ဆုံသည်။

လာရောက်တွေ့ဆုံ

အလားတူ တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Li Jinjun သည် ယနေ့ညနေ ၄ နာရီတွင် ဝန်ကြီး၏ ညှိခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

စာအောင်သံဃာတော် ဂုဏ်ပြုပူဇော်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၉

ရန်ကုန်တိုင်း ဆိပ်ကြီးခနောင်တိုမြို့နယ် မိုးကောင်း ပရိယတ္တိစာသင်တိုက်မှ ၁၃၆၆ခုနှစ်အတွက် နိုင်ငံတော်အစိုးရ ပါဠိပထမပြန် စာမေးပွဲ၌ ဝင်ရောက်ဖြေဆို အောင်မြင်တော်မူခဲ့ကြသည့် စာအောင်သံဃာတော် ၁၁ပါးတို့အပြင် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုမင်္ဂလနှင့် စာချနာယကဆရာတော်များအား စက်တင်ဘာ ၂၅ ရက်တွင် အထက်ပါကျောင်းတိုက် စတုပစ္စယာနုဂ္ဂဟအဖွဲ့မှ ဦးဆောင်၍ စေတနာရှင် ဒါယကာ၊ ဒါယိကာမများက စာအုပ်စာတမ်းများနှင့် လှူဖွယ်ဝတ္ထုများဆက်ကပ်၍ ဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်ဖြစ်သည်။ (က-ပ)

မန္တလေးမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် နေရာကွက်၍ မိုးကြီးနိုင်

ရန်ကုန် စက်တင်ဘာ ၁၉

ယမန်နေ့က ဗီယက်နမ်ကမ်းခြေကို ဖြတ်ကျော်ခဲ့သော ဗီးဆင့် အမည်ရှိ အပူပိုင်းမုန်တိုင်းသည် ကုန်းတွင်းမုန်တိုင်းအဖြစ် အနောက်ဘက်သို့ရွေ့လျားကာ ယနေ့နံနက် မြန်မာစံတော်ချိန် ၀၆:၃၀နာရီအချိန်တွင် လေဖိအားနည်းရပ်ဝန်းအဖြစ် မြန်မာနိုင်ငံ အလယ်ပိုင်းကို ဖြတ်ကျော်လျက်ရှိသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄နာရီအတွင်း ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းသို့ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။

လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် ယနေ့နံနက်မှ နောက် ၂၄နာရီအတွင်း မြန်မာနိုင်ငံအလယ်ပိုင်းနှင့်အောက်ပိုင်းဒေသအချို့ နေရာများတွင် နေရာကွက်၍ မိုးကြီးနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

မိုးကုတ်ဝိပဿနာတရားစခန်း

ရန်ကုန် စက်တင်ဘာ ၁၉

မြောက်ဥက္ကလာပမြို့နယ် (ည) ရပ်ကွက် ပုပ္ပား(၂)မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၏ အကြိမ်(၁၃၀)မြောက် တရားစခန်းပွဲတွင် ပုပ္ပား(၂) မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ LL.B) ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား (၃)မိုးကုတ် ဝိပဿနာ ဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တ ဇာဂရ (ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ)တို့က ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ဟောကြားပြသမည်ဖြစ်ရာ ယောဂီများအနေဖြင့် စက်တင်ဘာ ၂၀ ရက် ညနေအရောက် လာရောက်ကြရန်နှင့် ဖုန်း-၆၉၉၀၀၅၉ သို့ ဆက်သွယ် စာရင်းပေး သွင်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၃၈)လမ်းနေ ကွယ်လွန်သူ ကိုသောင်းထွန်း[နောက်ဆုံးနှစ် အပိုင်း(ခ) ဆေးတက္ကသိုလ်-၁]အား ရည်စူး၍ မိခင်ဒေါ်ပုပု၊ အဒေါ် ဒေါ်မြမြမိသားစုတို့က သုံးထပ်ဆေးရုံသစ်ကြီးနှင့် ဆွမ်းပဒေသာပင်အတွက် ငွေကျပ် တစ်သိန်းငါးသောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

ရန်ကုန် စက်တင်ဘာ ၁၉

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ၊ ရန်ကုန်တိုင်းနှင့်တနင်္သာရီတိုင်းတို့တွင် ဒေသအလိုက်နှင့် မွန်ပြည်နယ်၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်၍မိုးကြီးခဲ့သည်။

ယမန်နေ့က ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသောမုန်တိုင်းငယ်သည်သိသိသာသာရွေ့လျားခြင်းမရှိဘဲ ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

ထူးခြားသည့်အခြေအနေမှာ ယမန်နေ့က ဗီယက်နမ်ကမ်းခြေကို ဖြတ်ကျော်ခဲ့သော “ ဗီးဆင့်”အမည်ရှိ အပူပိုင်းမုန်တိုင်းသည် ကုန်းတွင်းမုန်တိုင်းအဖြစ် အနောက်ဘက်သို့ ရွေ့လျားကာ ယနေ့နံနက် မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်တွင် လေဖိအားနည်းရပ်ဝန်းအဖြစ် မြန်မာနိုင်ငံအလယ်ပိုင်းကို ဖြတ်ကျော်လျက်ရှိသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းသို့ ဝင်ရောက်မည်ဟုခန့်မှန်းရသည်။

စက်တင်ဘာ ၂၀ ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီးလှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့် ရှိမည်။

ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဓမ္မသဘင်များ

ရန်ကုန် စက်တင်ဘာ ၁၉

(၁၂၆)ကြိမ်မြောက် မြင်းခြံမြို့ မြို့နယ်လုံးဆိုင်ရာ သုံးဆူသော ဗုဒ္ဓရုပ်ပွားတော်မြတ်များ၏ ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းသပိတ်လောင်းလှူပူဇော်ပွဲကို စက်တင်ဘာ ၁၇ရက်မှအောက်တိုဘာ ၁၄ရက်အထိ ကျင်းပမည်ဖြစ်ရာ နိုင်ငံကျော် ဓမ္မကထိကများက ၂၅ညတိုင်တိုင် တရားဓမ္မချီးမြှင့်တော်မူကြမည်ဖြစ်သည်။ (က-ပ)

ယောဂီဆောင်ဆောက်လုပ်ရေး ငွေလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၉

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံဆံတော်ရှင်စေတီ အရှေ့ဘက် သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်ကြီးအတွင်း၌တည်ဆောက်လျက်ရှိသော သုံးထပ်ကျောင်း ယောဂီဆောင်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပရာ မိခင်ကြီး ဒေါ်ခင်သန်းအားအမှူးထား၍ ဦးထင်အောင်-ဒေါ်အေးအေးမူမိသားစု ဝဏ္ဏသိင်္ဂီလမ်းမေတ္တာညွန့် တာမွေက အလှူငွေကျပ်၁၀သိန်း **(အပေါ်ပုံ)**၊ ကိုသန်းထွန်း-မအေးအေးမော်မိသားစု ကျော်သူ (၂၃) လမ်း (၉) ရပ်ကွက် တောင်ဥက္ကလာပက ကျပ်ငါးသိန်း၊ ဦးမြင့်သိန်း-ဒေါ်မိမိ မိသားစု မော်တင်(၇)လမ်းက ကျပ်တစ်သိန်း၊ ဦးကျော်ဦး-ဒေါ်ကျင်ဌေး မိသားစုလေးဒေါင့်ကန်ရပ်ကွက် ကန်တော်လမ်း သင်္ဃန်းကျွန်းက ကျပ်တစ်သိန်း၊ ဒေါ်ကြည်ကြည်မိသားစု မဟာမြိုင်အိမ်ရာ ဒဂုံ(မြောက်)က ကျပ်တစ်သိန်း၊ ဦးကြည်လွင်-ဒေါ်စောတင်အေး မိသားစု အောင်သပြေလမ်း၊ ယုဇနပလာဇာက ကျပ်တစ်သိန်း၊ ဒေါ်ပန်းခတ်ခတ် မိသားစု ဗိုလ်တေဇလမ်း ဆယ်မိုင်ကုန်းက ကျပ်တစ်သိန်းနှင့်ဦးလွင်ဖုန်-ဒေါ်မိမိနိုင်မိသားစု ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက် သန်လျင်မြို့က အလှူငွေ ကျပ်တစ်သိန်းတို့ကိုပေးအပ်လှူဒါန်းကြရာ အကျိုးဆောင်အဖွဲ့များကလက်ခံယူပြီး ဂုဏ်ပြုလွှာများပြန်လည်ပေးအပ်သည်။

ယင်းသုံးထပ်ကျောင်းယောဂီဆောင်ဆောက်လုပ်ရာတွင် လှူဒါန်းလိုကြသော အလှူရှင်များသည် အကျိုးဆောင်အဖွဲ့ ဖုန်း-၅၆၀၇၁၀ သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (၅၀၆)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရွှေစံပယ်ရိပ်မွန် ငုဝါလမ်း တိုက်(A)မှ မိဘများဖြစ်သည့် ဦးပိုစွမ်း-ဒေါ်လှသွာတို့အား ရည်စူး၍ ဒေါ်ကြင်မိသားစုက ငွေကျပ် သုံးသိန်းကို အထွေထွေအတွင်းရေးမှူးဦးမင်းလွင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သတိ

၁။ ဖြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း) ပစ်ဖောက်ခြင်းဖြင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများက ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ဖြောက်အိုး၊ မီးရှူးနှင့် ဒုံးများ (ရှူးဒိုင်း)တို့ပစ်ဖောက်ခြင်းကို တားမြစ်သည်။

၂။ တားမြစ်ချက်အား ဖောက်ဖျက်ပါက-

(က) ပစ်လွှတ်သည့်နေရာမှ အနီး၊ အဝေး၊ အနိမ့်နှင့် အမြင့်တို့တွင် ပေါက်ကွဲစေတတ်သော ဖြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း) ဖောက်လျှင် ထောင်ဒဏ်(၃)နှစ်။

(ခ) ဖြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း)ရောင်းလျှင်၊ ထုတ်လုပ်လျှင် ထောင်ဒဏ်(၅)နှစ်။

(ဂ) သတင်းပေးသူကို ထိုက်တန်စွာဆုပေးမည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ကျေးရွာများ ဖွံ့ဖြိုးတိုးတက်မှ နိုင်ငံတော်တိုးတက်သည်ဟု ဆိုနိုင်ပင်ဖြစ်ကျေးရွာသည် စီးပွားရေးကောင်းမွန်၊ သီးနှံများ ဒေသအနှံ့တင်ပို့

စိုက်ပျိုးမွေးမြူရေး ဖြစ်ထွန်းအောင်မြင်ပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်

ရန်ကုန် စက်တင်ဘာ ၁၉

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းများ အားလုံးတွင် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍပေါင်းစုံမှ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန် အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်း ပေးလျက်ရှိသည်။

တစ်ချိန်တည်းတွင် နိုင်ငံတော်တစ်ဝန်းလုံး၌ မြို့ပြနှင့်ကျေးလက် ကွာဟမှုမရှိစေဘဲ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းများကို ဒေသအလိုက် ချမှတ်ဖော်ဆောင် လုပ်ကိုင်လျက်ရှိသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက်လည်း ကျေးရွာဒေသများအားလုံး စံပြကျေးရွာအဆင့်အထိ ခေတ်မီဖွံ့ဖြိုး တိုးတက်လာလျက်ရှိသည်။

ပြိုင်ပွဲကျင်းပ

နိုင်ငံတော်အစိုးရသည် ရှမ်းပြည်နယ်အတွင်း၌ နယ်စပ်ဒေသနှင့် ကျေးလက်ဒေသများ အပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးချဲ့တည်ဆောက် အဆင့်မြှင့်တင်ပေးလျက်ရှိရာ ရပ်စောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့စသည့် လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းပြီး စံပြကျေးရွာများ ပြိုင်ပွဲကို ကျင်းပပေးခဲ့သည်။

ရပ်စောက်မြို့နယ် စံပြကျေးရွာများ ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၇ ရက် နံနက် ၉နာရီတွင် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❃

ရပ်စောက်မြို့နယ် စံပြကျေးရွာ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် စံပြကျေးရွာ ဂုဏ်ပြုဆုရရှိသည့် ရှမ်းစုကျေးရွာအတွက် တာဝန်ရှိသူ တစ်ဦးက ဆုချီးမြှင့်ရာ ကျေးရွာကိုယ်စားလှယ် တစ်ဦးက လက်ခံစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း (၈၀) ဖြစ်သည်။

ဧရာဝတီတိုင်း မြောင်းမြမြို့နယ်နှင့် ပန်းတနော်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အမျိုးသမီးရေးရာအဖွဲ့ဝင်များ ပါဝင်

ရန်ကုန် စက်တင်ဘာ ၁၉

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန် ရည်ရွယ်ချက်ချမှတ်ထားသည်နှင့်အညီ အမျိုးသမီးများ အကျိုးဖြစ်ထွန်းမှုရှိစေသော လုပ်ငန်းများ အကောင်အထည်ဖော်ရင်း နိုင်ငံတော်၏ ဒေသဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များတွင် အမျိုးသမီးများ၏ပါဝင်ဆောင်ရွက်မှုအခန်းကဏ္ဍများကို လေ့လာအားဖြည့်ကူညီရန် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဧရာဝတီတိုင်း ဒေသစည်းရုံးရေးမှူး ဒေါက်တာဒေါ်လှဒါနီချိန်နှင့် ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးကျော်တို့ ခေါင်းဆောင်သော အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် မြောင်းမြမြို့အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ဒသမတန်း (က)၌ ပညာသင်ကြားနေသော မသန်စွမ်းကျောင်းသူ မမေဇင်အောင်၏ ပညာသင်ယူနေမှုကို ကြည့်ရှုအားပေးကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ●

တပ်ဆင်ပေး

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဧရာဝတီတိုင်း အမျိုးသမီးရေးရာ အဖွဲ့ဝင်များ ပန်းတနော်မြို့နယ် အင်းမ စံပြကျေးရွာ တိုက်နယ်ဆေးရုံတွင် မျက်စိလူနာ တစ်ဦးအား မျက်မှန်တပ်ဆင်ပေးစဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၁၉-၉-၂၀၀၅)

ရေးနှင့် လောင်းလုံ
၉ ဒသမ ၈၀ လက်မ
မြိတ်
၆ ဒသမ ၅၃ လက်မ
ကော့သောင်
၅ ဒသမ ၂၃ လက်မ
သာယာဝတီ
၃ ဒသမ ၉၀ လက်မ
ရန်ကုန်မြို့လယ်
၃ ဒသမ ၅၀ လက်မ
လှိုင်ကော်နှင့်ထားဝယ်
၃ ဒသမ ၂၇ လက်မ
ရန်ကုန် (ကမ္ဘာအေး)
၃ ဒသမ ၀၇ လက်မ
ရမည်းသင်း
၂ ဒသမ ၅၆ လက်မ
ရန်ကုန် (မင်္ဂလာဒုံ)
၂ ဒသမ ၃၂ လက်မ
ဟဲဟိုး
၂ ဒသမ ၂၈ လက်မ
အောင်လံ
၁ ဒသမ ၅၇ လက်မ
တောင်ကြီး
၁ ဒသမ ၃၄ လက်မ